# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မျှားခင်ဗျား။ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးစတုတ္ထနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၁၀)ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၆.၃၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအ ဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်း ဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေ ခွဲ (က)နဲ့(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ စတုတ္ထ နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်

ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးဥာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်း ဝင်းမောင် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်နေပါသောကြောင့် (၂၅-၈-၂၀၁၁) ရက်နေ့မှ (၂၆-၈-၂၀၁၁) ရက်နေ့အထိ ခွင့်(၂)ရက်ပေးပါရန် ဦးစိုင်း ဝင်းမောင် ၏ ကိုယ်စား ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဥာဏ်လင်း မှ လေးစားစွာ ခွင် ့တိုင်ကြား အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်၏ (၂၅-၈-၂၀၁၁) ရက်နေ့မှ (၂၆-၈-၂၀၁၁) ရက်နေ့ထိ ခွင့်(၂)ရက် တင်ပြခြင်း နဲ့ပတ်သက်ပြီး လွှတ်တော်ရဲ့သဘောထားကို ရယူမှာဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကိုလွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။( သြဘာသံများ)

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကိုတက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ (၇)ဦး ရှိပြီး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၈)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေးတက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်း များအနက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးအေး မေးမြန်းသည့် မေးခွန်းများသည် ဟိုတယ်နှင့် ့ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး တစ်ဦးတည်းမှ ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။

**ပုဂံ-ညောင်ဦးဒေသသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်နိုင်ရေးနှင့် စပ်လျဥ်းသည့် မေးခွန်းနှင့် ပုဂံမြို့ ဂန့်ဂါရပ်ကွက်ရှိ ဟိုတယ်ဇုန် (၄) ဆက်လက်အကောင်အထည်ဖော်ရန် နှင့်စပ်လျဥ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇)မှ ဦးအေးက သက်ဆိုင်ရာမေးခွန်းများကို တ စ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအချိန်ကစပြီး မေးမြန်းနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၅။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ် ၏ ချမ်းသာခြင်း၊ ကိုယ် ၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန် တော်ကတော့ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့အချက်ကတော့ ပုဂံ -ညောင်ဦးဒေသသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက် နိုင်ရေးနဲ့ပတ်သက်ပြီး အစီအမံ ရှိ /မရှိ ရှိပါက ပြန်လည်ဖြေကြားပေးနိုင်ရန် မေးမြန်း တင်ပြခြင်း ဖြစ်ပါတယ်။ ပုဂံ-ညောင်ဦးဒေသဟာ အခြားဒေသနှင့်မတူဘဲ ရှေးဟောင်းစေတီပုထိုးများရှိတဲ့အတွက် ကမ္ဘာမှာ အသိများတဲ့ဒေသဖြစ် လို့ နှစ်စဥ် ပြည်တွင်း ပြည်ပဧည့်သည်များ လာရောက်လေ့လာ ဖူးမြော်ကြည်ညိုတဲ့ဒေသဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီနေရာမှာပြန်လည်ကြည့်ရင် ပြည်တွင်း

ညေ့်သည်ဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသော်လည်းပဲ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု အခြေအနေကို ပြန်လည်လေ့လာတဲ့အခါမှာ ၂၀၀၇ ခုနှစ်မှာ (၈၀၄၁၀) ဦး၊ ၂၀၀၉ ခုနှစ်မှာ (၅၅၀၆၀) ဦး၊ ၂၀၁၀ ခုနှစ်မှာ (၇၇၂၂၃) ဦး၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ (၄၇၅၄၆) ဦးရှိတဲ့အတွက် ပြန်လည်သုံးသပ်မယ်ဆိုရင် ၂၀၀၇ ခုနှစ်ထိ ပြည့်မီနိုင်ဖို့ရာအတွက် အစီအမံများ ဆောင်ရွက်ပေးရန် လိုအပ်လျ က်ရှိကြောင်း တွေ့ရှိရ ပါတယ်။ ဒါ ကြောင့် ပထမမေးခွန်းဖြစ်တဲ့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်နိုင် ရေး အတွက် အစီအမံ ရှိ /မရှိ ပြန်လည်ဖြေကြား ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းခွင် ့ပြုပါရန် တင်ပြအပ်ပါတယ်။ ဒုတိယ မေးခွန်းကတော့ ကျွန်တော်တို့ ပုဂံမြို့ မှ (၂)မိုင်လောက်ဝေးတဲ့ ဂန့်ဂါ ရပ်ကွက်မှာ လွန်ခဲ့သော (၁၅)နှစ်လောက်က ဟိုတယ်ဇုန် စတင်အကောင်အထည်ဖော်ဖို့ ဧက(၅၀၀)ကို သတ်မှတ်လျာထား ခဲ့ပါတယ်။ အဲဒီမှာ မြေကွက်ပေါင်း (၁၈၆)ကွက်၊ (၃၀၀)ပေ (၂၀၀)ပေပတ်လည် အကွက်(၂၀)၊ (၂၀၀)ပေပတ်လည် (၁၆၆)ကွက်၊ ပေါင်း (၁၈၆)ကွက် အကောင်အထည်ဖော်ရာမှာ ပြန်လည် လေ့လာရသလောက် တင်ပြရရင် မီးသွ ယ်တန်းမှုလမ်းများ အကြမ်းပြီးပါပြီ။ သို့သော်လည်းပဲ လက်ရှိဟိုတယ်လေး(၂)လုံးသာ တည်ဆောက်ထားတဲ့အတွက် ထပ်မံတိုးချဲ့ပြီးတော့ တည်ဆောက် ဖို့ရန် လိုအပ်ကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ဒီလိုတည်ဆောက်ခြင်းအားဖြင့်ဒေသအတွင်းမှာ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး ကိစ္စ တွေဟာ တိုးတက်လာမှာဖြစ်တဲ့အပြင် ပြည်တွင်းပြ ည်ပ ဧည့်သည်များလာရောက် တည်းခိုရာ မှာ ပိုမိုအဆင် ပြေမှာဖြစ်တဲ့အတွက် ဟိုတယ်ဇုန် (၄)ကို ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ /မရှိ ဖြေကြား ပေးပါရန် လေးစားစွာ တင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ယခုလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းသွားတဲ့ မေးခွန်း များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၀၉။**

**ဦးတင့်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမှ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှာ ပုဂံ -ညောင်ဦးဒေသသို့ ကမ္ဘာလှည့်ခရီး သည်များ ပိုမိုလာရောက်နိုင်ရေးအစီအမံ ရှိ/မရှိနှင့် ပုဂံမြို့ ၊ ဂန့်ဂါရပ်ကွက်ရှိ ဟိုတယ်ဇုံ (၄) ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ /မရှိ မေးခွန်း အားတင်သွင်းလာခြင်းနှင့်ပတ်သက်၍ ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးတင်ပြသည့်အတိုင်း ၂၀၀၇ ခုနှစ်မှာ ပုဂံကို ဝင်ရောက်လာတဲ့ ကမ္ဘာလှည့်ခရီးသည်ဟာ အခြားနှစ်များထက် အများဆုံး ဖြစ်ပါသည်။ နောက်ပိုင်းနှစ်များမှာ အကြောင်းအမျိုးမျိုးကြောင့် တဖြည်းဖြည်း လျော့နည်းသွားခဲ့ပြီးတော့ ၂၀၀၉ ခုနှစ်မှ စတင်ပြီး တစ်နှစ်ချင်း ပြန်လည်တိုးတက်လာခဲ့ပါသည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လအထိ ပုဂံဒေသသို့ ဧည့်သည်ဝင်ရောက်မှုအနေအထားနှင့် ရန်ကုန်လေဆိပ်သို့ ဧည့်သည် ဝင်ရောက်မှု အနေအထားအရဆိုလျှင် ယခုနှစ်မှာ ၂၀၀၇ ခုနှစ်အတိုင်း ဖြစ်လာနိုင်ပါပြီ။

ကမ္ဘာလှည့်ခရီးသည် တိုးတက် ဝင်ရောက်လာရေးအတွက် ပု ဂံဒေသတစ်ခုတည်းသာမက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ဆောင်ရွက်သည့်နေရာမှာ ဧည့်သည်များ လာဖို့သာမကဘဲ ဧည့်သည်များ ပြည်တွင်းမှာ အဆင်ပြေစွာသွားလာနေထိုင်ဖို့နဲ့ သူတို့သုံးရတဲ့ငွေနဲ့ သူတို့လက်ခံရရှိတဲ့ ဝန်ဆောင်မှု ထိုက်ထိုက်တ န်တန်ဖြစ်ဖို့အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများရဲ့ ဝန်ဆောင်မှုအရည်အသွေးနဲ့ အဆင့်အတန်းမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဓိက ဆောင်ရွက်နေတဲ့အချက်များကတော့ (က) ပုဂံ-ညောင်ဦးလေဆိပ်သို့ ခရီးသည် ဝင်ရောက်မှု အဆင်ပြေချောမွေ့စေရေး ဖြစ်ပါတယ်။ (ခ) ခရီးသည်များ အသုံးပြုသွားလာသ ည့် အမြန်ယာဉ် /အနှေးယာဉ်များ အရည် အသွေးမြင့်မားပြီး စနစ်တကျရှိရေးနှင့်ဈေးနှုန်းသင့်တင့် မှန်ကန်စေရေး ဖြစ်ပါတယ်။ (ဂ) ဟိုတယ်များ

အဆင့်အတန်းမြင့်မားစေရေးနှင့် ဝန်ဆောင်မှု ကောင်းမွန်စေရေး ဖြစ်ပါတယ်။ (ဃ)ပုဂံဒေသနှင့် အနီးတဝိုက်ရှိ ခရီးစဉ်ဒေသများ၏ ဆွဲဆောင်မှုများ မွမ်းမံပြုပြင်ခြင်းများ ဆွဲဆောင်မှုအသစ်များ တိုးချဲ့ဖော်ထုတ်ရေးတို့ဖြစ်ပါတယ်။

ထို့ပြင် မြန်မာပြည်ကို မသိသေးသည့်ကမ္ဘာလှည့်ခရီးသည်တွေ ပိုသိလာဖို့၊ သိပြီးသား ပုဂ္ဂိုလ်တွေပြန်လာနိုင်ဖို့ မြှင့်တင်ကြော်ငြာမှုလုပ်ငန်းတွေ ဖိတ်ခေါ်ကြိုဆိုမှုလုပ်ငန်းတွေလည်း တိုးမြှင့်လုပ်ကိုင်ပေးလျက်ရှိပါတယ်။ ဒေသတွင်းအဖွဲ့အစည်းတွေ၊ အိမ်နီးချင်းနိုင်ငံတွေ၊ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း အဖွဲ့တွေနဲ့လည်း ခရီးစဉ်တွေ ပူးတွဲကြေညာခြင်း၊ ရောင်းချခြင်း အစီအစဉ်များ လုပ်ကိုင်လျက် ရှိပါတယ်။ နိုင်ငံတကာအဆင့် ကျင်းပသည့် ခရီးသွားပြပွဲများသို့လည်း လုပ်ငန်းရှင်များ ပါ ဝင်တက်ရောက်ပြသခြင်း၊ ခရီးစဉ်ရောင်းချခြင်းများကို စီစဉ်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် ဧည့်သည်အလာနည်းတဲ့ မိုးတွင်းကာလတွေမှာပါ ဧည့်သည်လာအောင် မြန်မာနိုင်ငံဟာ တစ်နှစ်ပတ်လုံး လာရောက် နိုင်သည့် ခရီးစဉ်ဒေသဖြစ်ကြောင်း မြှင် ့တင်ကြော်ငြာမှုတွေ လုပ်ကိုင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စနစ်တကျနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ပုဂ္ဂလိကဟိုတယ်နဲ့ ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင်တဲ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ကိုလည်း ဥပဒေနှင့်အညီ ဖွဲ့စည်းထူထော င်ပေးထားပြီးဖြစ်တဲ့အပြင် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်အောင် ဝန်ကြီးဌာနက အထောက်အကူပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ပုဂံမြို့ ဂန့်ဂါရပ် ကွက်ရှိ ဟိုတယ်ဇုံ (၄)သည် ၁၉၉၆ ခုနှစ် ကတည်းက ဟိုတယ်ဇုန်အဖြစ်သတ်မှတ်ပြီး မြေနေရာချထားမှုကို ညောင်ဦးခရိုင်၊ အုပ်ချုပ်ရေး အဖွဲ့ကနေ မန္တလေးတိုင်းအုပ်ချုပ်ရေးအဖွဲ့အထိ တင်ပြဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာ မြေကွက်အချို့ကို သတ်မှတ်ရောင်းချထားပြီး ဖြစ်ပါတယ်။ ပုဂံ ဒေသမှာ ကမ္ဘာလှည့်ခရီးသည် ပိုမိုများပြားလာရင် တည်းခိုနေထိုင်ဖို့အတွက် ဟိုတယ်များ မရှိမဖြစ် လိုအပ်လာဦးမှာ ဖြစ်တဲ့အတွက် လက်ရှိဟိုတယ်ဇုံအမှတ်(၄)နေရာကို ဦးစားပေးတည်ဆောက် စေမှာဖြစ်ပါတယ်။ ထို့အပြင် ကျန်ဟိုတယ်ဇုန် နေရာများမှာ ဆက်လက်တည်ဆောက် လုပ်ကိုင်ဖို့ ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် လာရောက်မှု အ ခြေအနေအရ ရေရှည်မျှော်မှန်းပြီး ရှေးဟောင်းဇုန် နယ်မြေ ကင်းလွတ်သည့်နေရာများမှာ ပြည်တွင်းပြည်ပ

လုပ်ငန်းရှင်များအတွက် ဟိုတယ်ဇုန်နေရာအသစ်များ သတ်မှတ်လုပ်ကိုင်ဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးမှ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်ပြသည့် ပုဂံ -ညောင်ဦးဒေသသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်နိုင်ရေး အစီအမံ ရှိ /မရှိနှင့် ပုဂံမြို့ ဂန့်ဂါရပ်ကွက်ရှိ ဟိုတယ်ဇုံ အမှတ်(၄) ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ /မရှိ မေးခွန်းအား ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းမယ့် မေးခွန်းတွေဟာ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တ စ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖာပွန်လေယာဉ်ကွင်းတွင် ခရီးသည်တင် ရဟတ်ယာဉ် ဆင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ဒါကြောင့် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် စတင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်၊ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ဖာပွန်လေယာဉ်ကွင်းတွင် ခရီးသည်တင်ရဟတ်ယာဉ် ဆင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဖာပွန်လေယာဉ်ကွင်းဟာ ယခင် က ဒါကိုတာ လေယာဉ်အချိန်မရွေး ဆင်းသက်သော လေယာဉ်ကွင်း တစ်ခု ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ၎င်းလေယာဉ်ကွင်းဟာ ဆင်းသက်ခြင်းမရှိခဲ့ပါသဖြင့် ခရီးသည်များသွားလာမှုဟာလည်း အခက်အခဲရှိပါတယ်။ လေယာဉ်ကွင်းဟာယခင်က အဓိကထားပြီး သုံးစွဲခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့တွေ ဖာပွန်မြို့နယ်သူ မြို့နယ်သားများဟာ အဆင်ပြေလျက်ရှိပါတယ်။ နောက်ပိုင်းတွင် လေယာဉ်

ဆင်းသက်မှုမရှိတဲ့အတွက်ကြောင့် မိုးရာသီမှာ ကျွန်တော်တို့ မြစ်ချောင်းကိုသာ သုံးစွဲရပြီး နွေရာသီတွင် မော်တော်ကားလမ်းကိုသာ သုံးစွဲခဲ့ရ ပါတယ်။ သို့သော်လည်းပဲ အရေးပေါ်လူနာ၊ အရေးပေါ်ကိစ္စများပေါ်သည့်အခါ အလွန်အခက်အခဲ ကြုံတွေ့ရပါတယ်။ သို့ပါ၍ ဖာပွန် လေယာဉ်ကွင်းမှာ ခရီးသည်တင်၊ ရဟတ်ယာဉ် သို့မဟုတ် လေယာဉ်ဆင်းသက်ဖို့ အစီအစဉ် ရှိ/မရှိကို မေးမြန်းခြင်းဖြစ်ပါတယ်။ မေးမြန်းခွင့်ပြုပါသော ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိ ပါတယ်။

## ရေနံချောင်းမြို့နယ် သင်္ဘောဆိပ်ကမ်းကိစ္စ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း မေးမြန်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှ တ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ သင်္ဘော ဆိပ်ကမ်းကိစ္စ ဖြစ်ပါတယ်။ ရေနံချောင်းမြို့မှာ ယခင်က ရေကြောင်းပို့ဆောင်ရေးပို င် သင်္ဘောများဖြင့် ခရီးသည်များသွားလာမှု လွယ်ကူစေရေး၊ ကုန်စည် စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ရေနံချောင်းမြို့၊ မြို့မတောင် ရပ်ကွက်ရှိ စနေနံဆိပ်ကမ်းတွင် သင်္ဘောများ ဆိုက်ကပ်ခဲ့ပါတယ် ခင်ဗျား။ ၎င်းနောက် ရေ လမ်းကြောင်းအခြေအနေအရ ရေနံ ချောင်းမြို့၊ ညောင်လှရပ်ကွက်၊ ညောင်လှဆိပ်ကမ်းတွင် သင်္ဘောများ ပြောင်းရွှေ့ဆိုက်ကပ်ခဲ့ပါတယ်။ ထိုသို့ ဆိုက်ကပ်နေရာမှ ၁၉၉၄ ခုနှစ်မှစပြီး ရေနံချောင်းမြို့တွင် သင်္ဘောများဆိုက်ကပ်နိုင်ခြင်း မရှိတော့သည်မှာ ယခု အချိန်အထိဆိုလျှင် (၁၇)နှစ် ရှိပြီဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ရေနံချောင်းမြို့တွင် သင်္ဘောများဆိုက် ကပ်နိုင်ခြင်းမရှိသည့်အချိန်မှ စလို့ ရေနံချောင်းမြို့ဟာ စည်ပင် သာယာ ဖွံ့ဖြိုးခြင်းမရှိတော့ဘဲ စီးပွားရေးလည်း ကျဆင်းသွားခဲ့ပါတယ်။ ရေနံချောင်းမြို့မှာ အဓိက ထွက်ရှိတဲ့ ရေနံစိမ်းများကိုလည်း သင်္ဘောဖြင့်ပင် သယ်ယူပို့ ဆောင်ခဲ့ကြပါတယ်။ ယခုအခါမှာ

သင်္ဘောဆိုက်ကပ်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့် မြန်မာ နိုင်ငံအောက်ပိုင်းနဲ့ အထက်ပိုင်းတို့မှ ကုန်ပစ္စည်းများနဲ့ ရေနံချောင်းမြို့ ရေနံမြေမှ ရေနံစိမ်းများကို သင်္ဘောဖြင့် တိုက်ရိုက် သယ်ယူပို့ဆောင်နိုင်ခြင်းမရှိတော့ပါခင်ဗျား။ သို့ပါ၍ ရေနံချောင်းမြို့သို့ သင်္ဘောများပြန်လည် ဆိုက်ကပ်နိုင်ရေးအတွက် ပြည်တွင်းရေကြော င်းပို့ဆောင်ရေးဦးစီးဌာန၊ ရေကြောင်းထိန်းသိမ်းရေးဦးစီးဌာနနဲ့ ရေအရင်းအမြစ်နဲ့ မြစ် ချောင်းများဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနတို့မှ ကျွမ်းကျင်သူ ပညာရှင်များဖြင့် ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ ထို့ကြောင့် ရေနံချောင်းမြို့ သို့ ယခင်ကကဲ့သို့ သင်္ဘောများ ပြန်လည်ဆိုက်ကပ်နိုင်ရေးအတွက် လိုအပ်သလို စီစဉ် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးမယ့် အခြေအနေနဲ့ မည်သည့်အချိန်မှ စတင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် အများပြည်သူအကျိုးစီးပွားရှေးရှုလျက် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနှင့်ပတ်သက်ပြီးပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြ ည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးညဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် က ပထမဆုံးကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် မေးတဲ့မေးခွန်းကိုပထမဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနဟာ မြန်မာနိုင်ငံရဲ့ ရေကြောင်းနဲ့ လေကြောင်း ပို့ဆောင်ရေးတာဝန်များကို ထမ်း ဆောင်တာဖြစ်ပါတယ်ခင်ဗျား။ ဒီတာဝန်များနဲ့ ကျွန်တော်တို့ လေကြောင်းပို့ဆောင်ရေးတာဝန်ထမ်းဆောင်မှုအတွက် မြန်မာ့လေကြောင်းမှာ F-28 လေယာဉ် (၃)စီး၊ ATR လေယာဉ် (၃)စီး၊ MA-60 လေယာဉ်(၃)စီး စုစုပေါင်း (၉)စီးနဲ့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မြို့ (၁၅)မြို့ကို

ပျံသန်းပြေးဆွဲလျက်ရှိပါတယ်ခင်ဗျား။ အဲဒီခရီးစဉ်ပျံသန်းတဲ့ မြို့များကို အနည်းဆုံး တစ်ပတ်ကို (၂)ခေါက်ပြေးနေပါတယ်။ မြန်မာ့လေကြောင်းအနေဖြင့် တစ်နှစ်မှာ ခရီးသည်ပေါင်း(၄၀၀၀၀)ကျော် နှင့် ကုန်တန်ချိန် (၆၀၀)ကျော် သယ်ပေးလျက်ရှိပါတယ်။ ခုန ကရင်ပြည်နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ ဘားအံကိစ္စနဲ့ ပတ်သက်ပြီးတော့ ဖာပွန်လေယာဉ်ပျံကွင်း ဟာ စုစုပေါင်းပေအရှည်(၄၄၅၇)ပေနဲ့ အကျယ်(၇၅)ပေရှိပါတယ်။ တောင်နှင့်မြောက် ဦးတည်ချက် ရှိပြီးတော့ လေယာဉ်ပျံကွင်း ရဲ့ မြောက်ဘက်ထိပ်မှာ ကတ္တရာကို အလျား တောင်ဘက်ထိပ်မှာ ပေ(၄၀၀)၊ မြောက်ဘက်ထိပ်မှာ ပေ (၁၀၀) စုစုပေါင်းခင်းထားတာ ဖြစ်ပါတယ်။ ဖာ ပွန် လေယာဉ်ကွင်းနဲ့ပတ်သက်ပြီးတော့ လက်ရှိအနေအထားကတော့ ကျွန်တော်တို့ မြန်မာ့လေကြောင်း မှာ ရဟတ်ယာဉ်များ မရှိတဲ့ အတွက်ကြောင့် ရဟတ်ယာဉ်များ ပြေးဆွဲနိုင်ခြင်း မရှိပါဘူး။ လေယာဉ်များ ဆင်းသက်မှုနဲ့ပတ်သက်ပြီးတော့ ဖာပွန်လေယာဉ်ပျံကွင်းကို ယခင်ကလည်း မိုးရာသီမှာ ဆင်းသက်ရန် မသင့်တဲ့အတွက်ကြောင့်မို့လို့ ခြောက်သွေ့တဲ့ ရာသီမှာပဲ ဆင်းသက် ကြပါတယ်။ ဖာပွန်လေယာဉ်ပျံကွင်းသို့ ၁၉၉၇ ခုနှစ် မတ်လ ၁၇ ရက်နေ့မှ မေလ ၆ ရက်နေ့ အထိ တပ်မတော်မှ ရဟတ်ယာဉ် (၂)ကြိမ် နောက်ဆုံး ဆင်းသက်ခဲ့ပါတယ်။ လေ ကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လေကြောင်းထိန်း၀န်ထမ်းများကိုလည်း ၁၉၉၇ ခုနှစ် မေလ အထိသာ ထားနိုင်ခဲ့ပြီးတော့ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့မှ စပြီးတော့ ဖာပွန် လေယာဉ်ပျံကွင်းကို Operation ရပ်ဆိုင်းခဲ့ပါတယ်။ အဓိက အကြောင်းခြင်းရာကတော့ ဒီလေယာဉ်ပျံကွင်းနဲ့ ပတ်သက်ပြီး နယ်မြေလုံခြုံရေးလည်း အဓိကကျပါ တယ်။ နောက်တစ်ခါ ကျွန်တော်တို့ ခရီးသည်များသွားလာမှုကိစ္စ၊ စီးပွားရေး တွက်ခြေကိုက်မှုကိစ္စများလည်း အဓိကကျ ပါတယ်။ လောလောဆယ် အခြေအနေအရ ဖာပွန် လေယာဉ်ပျံကွင်းအနေနဲ့ ကာလရှည်ကြာစွာ ပြုပြင်ထိန်းသိမ်းမှုမရှိဘဲ ထားခဲ့ပြီးတော့ လေယာဉ်ဆင်းသက်ရန် အခက်အခဲရှိပါတယ်။ နောက်တစ်ချက် ခုန ကျွန်တော်တင်ပြခဲ့သလိုပဲ လေယာဉ်ပျံကွင်းရဲ့ လုံခြုံရေးလည်း အရေးကြီး ပါတယ်။ အဲ ဒီတော့ အဲဒီအန္တရာယ်များ ရှိတဲ့ အတွက်ကြောင့်မို့လို့ လောလောဆယ်အနေအထား အရ ဆင်းသက်ပေးနိုင်တဲ့အခြေအနေ မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ သို့သော်လည်းပဲ နောင်မှာ ကျွန်တော်တို့ ဖာပွန် လေယာဉ်ပျံကွင်းလိုပဲ နယ်စပ်ဒေသမှာ ရှိတဲ့ ကွင်း တိုလေးများကို ဆင်းသက်နိုင်ပုံအတွက် နယ်စပ်တိုင်းရင်းသားများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဦးတည်ပြီးတော့ ကျွန်တော်တို့ လေယာဉ်ပျံငယ်လေးတွေ ၀ယ်ပြီးတော့ ဆင်းသက်ဖို့အစီအစဉ်ရှိပါတယ်။ အဲဒီ ဆင်းသက်ဖို့

အစီအစဉ်ရှိတဲ့ အထဲမှာ နယ်စပ်ဒေသမှာရှိတဲ့ လေယာဉ်ပျံကွင်းလေးများအနေနဲ့ အဓိကကတော့ နယ်မြေ လုံခြုံရေး ရှိမယ်ဆိုရင် ကျွန်တော်တို့ နောင် ဆိုရင် ဆင်းသက်ပေး နိုင်မည်ဖြစ်ကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်းရေကြော င်းပို့ဆောင်ရေးဟာ မြန်မာနိုင်ငံ အတွင်းရှိ အဓိကမြစ်ကြီးများ ဖြစ်တဲ့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ လေးမြို့မြစ်၊ ဂျိုင်းမြစ်၊ အတ္ထရံမြစ်များအတွင်း ဌာနပိုင်ရေယာဉ်များနှင့် ခရီးသည် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ဌာန (၆)ခုကနေပြီးတော့ ရေလမ်းစုစုပေါင်း (၃၇)လမ်း ပြေးဆွဲလျက်ရှိပြီး နှစ်စဥ် ခရီးသည်(၂၇.၅၆၅)သန်းနှင့် ကုန်တန်ချိန်(၄.၇၆)သန်းကို သယ်ဆောင် ပေးလျက်ရှိပါတယ်။ ယခုအချိန်ကာလမှာ ဧရာဝတီနှင့် ချင်းတွင်းမြစ်တစ်လျှောက်ရှိတဲ့ မြို့များ မှာ မိုးရာသီရေများ ချိန် ကာလများမှာ မြို့ပေါ်ဆိပ်ကမ်းသို့ ရေယာဉ်များ ဆိုက်ကပ်ပေး နိုင်ပြီး ကျန်ရေနည်းချိန်များမှာတော့ ရေကြောင်းသွားလာမှုမရတဲ့အတွက်ကြောင့် ဆိုက်ကပ်နိုင်ခြင်း မရှိပါဘူး။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းခဲ့တဲ့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရေယာဉ်များအနေနဲ့ ရေနံချောင်းမြို့ကို မန္တလေး -ပြည် သင်္ဘောခရီးစဉ်တစ်ပတ်ကို (၂)ခေါက် ပြေးဆွဲလျက်ရှိပါတယ်။ အဲဒီ (၂)ခေါက်မှာ ခုန ၁၉၉၄ ခုနှစ်အထိတော့ ခုန ရေနံချောင်း မှာရှိတဲ့ စနေနံဆိပ်ကမ်းမြို့လယ်ခေါင်မှာရှိပါတယ်။ စနေနံဆိပ်ကမ်းကို ကျွန်တော်တို့ သင်္ဘောများ ဆိုက်ကပ်ပေးလျက်ရှိပါတယ်။ ၁၉၉၄ ခုနှစ်ရဲ့ နောက်ပိုင်းအစကတော့ စနေနံဆိပ်ကမ်းမှာ ရေအနက်မရတဲ့အတွက်ကြောင့် မြို့ရဲ့တောင်ဘက်ခြမ်းမှာရှိတဲ့ ညောင်လှ ရပ်ကွက်ဆိပ်ကမ်းကို ပြောင်းရွှေ့ပြီး ဆိုက်ကပ်ပေးခဲ့ရပါတယ်။ အဲဒီ ညောင်လှရပ်ကွက်ကို မိုးတွင်းကာလ ဇွန်လမှ စက်တင်ဘာလထိ ပြည်တွင်းရေ ကြောင်း ပို့ဆောင်ရေးများ တစ်ပတ်လျှင် (၂)ကြိမ် ခုချိန်လည်း ဆိုက်ကပ်ပေးလျက်ရှိပါတယ်။ မိုးအကုန်ကာလဖြစ်တဲ့ ကျန်တဲ့ လများမှာတော့ ရေအနက်မရှိတဲ့ အတွက်ကြောင့်မို့ ရေနံချောင်းမြို့မှ (၉)မိုင်အကွာမှာရှိတဲ့ သူဌေးကျွန်း၊ ရေလယ်ကျွန်းကို သင်္ဘောများ ဆိုက်ကပ်ပေးလျက် ရှိပါတယ်။ အခြေအနေ အရကတော့ ခုန ကိုယ်စားလှယ်ကြီး

မေးမြန်းထားတဲ့ နောင် တစ်ချိန်မှာ မြို့အလယ်ကို ဆိုက်ကပ်ဖို့ဆိုတာ ဧရာဝတီမြစ်ကြီးတစ်ခု လုံးကို လေ့လာပြီးတော့၊ Master Plan ဆွဲပြီးတော့ ဆိပ်ကမ်းမြို့တွေကို ပြန်လည်ထိန်းသိမ်းဖို့ ကျွန်တော်တို့ ရေးဆွဲလျက်ရှိပါတယ်။ နောင် ရေရှည်မှာတော့ ရေနံချောင်းတို့၊ မြင်းခြံတို့ မြို့များအားလုံးကို နွေမိုးဆောင်း ဆိုက်ကပ်နိုင်ဖို့ စီစဥ်ဆောင် ရွက်လျက်ရှိကြောင်း ဖြေကြားရင်း နဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လက်ပံတန်းမြို့နယ်၊ လက်ပံတန်း - သာရဝေါ ရထားလမ်းပိုင်း ပြုပြင်ပေးရန်နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)**။ ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့အစည်းအဝေးကို တက်ရော က်လာကြတဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီး အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေကြောင်း ဆုမွန် ကောင်းတောင်း ရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား ။ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ လက် ပံတန်းမြို့နယ်၊ လက်ပံတန်း -သာရဝေါ ရထားလမ်းပိုင်းဟာ မကြာခဏ ရထားဘီးချော်နေမှုတွေဖြစ်နေလို့ လုံခြုံရေးအတွက် ပြုပြင်ပေးဖို့ အစီအစဥ် ရှိ /မရှိကို သိရှိ လိုပါတယ်။ တစ်ဆက်တည်းမေးလိုတာက အဲဒီရထားလမ်းပေါ်မှာရှိတဲ့ အင်းတွေနဲ့ ချောင်းတွေ ကို ဖြတ်ရတဲ့ တံ တား(၆)စင်းဟာ နှစ်ကာလကြာလာတာနဲ့အမျှ ခိုင်ခံ့မှုအားနည်းလာတာတွေ့ရှိ ရပါတယ်။ ၁၉၀၃ ခုနှစ်ကတည်းက တည်ဆောက်ထားတဲ့ တံတားတွေဖြစ်လို့ (၁၀၃)နှစ် သက်တမ်း ရှိနေပါပြီ။ ဒါကြောင့်မို့ တံတားတွေ ရေရှည်ခိုင်ခံ့ဖို့အတွက် စစ်ဆေးပေးပြီး အားဖြည့် ဆောင်ရွက်ပေးနိုင်မယ့် အစီအစဥ်ကိုလည်း သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တည်းမေးတဲ့ တံတားကိစ္စက မူလကြိုတင်ပြထားတာမှာ ပါရဲ့လား။

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ မပါပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မပါလို့ရှိရင် မမေးပါနဲ့။ မေးခွန်းနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုး သား လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း၏ လက်ပံတန်း -သာရဝေါ ရထားလမ်းပိုင်း ခရီးသည်များ လုံခြုံရေး အတွက် လမ်းများကို ပြုပြင်ပေးရန် အမေးကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၊ ဝန်ကြီး ကျွန်တော် ဦးအောင်မင်းမှ ဖြေကြား သွားမှာ ဖြစ်ပါတယ်။ လက်ပံတန်း -သာရဝေါ ရထားလမ်းပိုင်းတွင် ရထားများ ဘီးချော်ကျရခြင်းမှာ လမ်းပိုင်းရှိ ဇလီဖားများ ဆွေး မြေ့နေခြင်း၊ ကျောက်များလျော့နည်းနေခြင်းကြောင့် ဖြစ်ပါတယ်။ လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်းဟာ ခရီးမိုင် (၂၃.၅) မိုင် ဖြစ်ပြီး ဇလီဖားတုံး အတုံးပေါင်း (၅၁၁၃၆)တုံး ခင်းကျင်း ထားပါတယ်။ ယမန်နှစ်က ကွန်ကရစ်ဇလီဖား (၃၀၈၅)တုံး နဲ့ သစ်သားဇလီဖား (၄၈၅၈)တုံး စုစုပေါင်း (၇၉၄၃)တုံးကို ပေးပို့ပြီးတော့ ပထမအဆင့်အနေနဲ့ လဲလှယ်ခဲ့ပြီးဖြစ်ပါတယ်။ သစ်သားဇလီဖားတုံးရဲ့သက်တမ်းဟာ (၃)နှစ်ဖြစ်ပြီးတော့ ကွန်ကရစ် ဇလီဖားတုံးရဲ့သက်တမ်းဟာ နှစ် (၆၀)ဖြစ်ပါတယ်။ ကွန်ကရစ် ဇလီဖားများဟာ သစ်သား ဇလီဖားများထက် သက်တမ်း အားဖြင့် အဆ (၂၀)၊ ခံနိုင်ရည်အားဖြင့် (၉)ဆ ရှိပါတယ်။ ယခုဘဏ္ဍာရေးနှစ်မှာလည်း ကွန်ကရစ်ဇလီဖာတုံး (၁၇၂၇၆)တုံးကို ထပ်မံပေးပို့ပြီး သံလမ်း အတွင်း ထည့်သွင်းနိုင်ရေးအတွက် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ထိုလုပ်ငန်းကို (၄)လအတွင်း ပြီးစီးအောင်ဆောင်ရွက်ပြီး လမ်းခင်းကျောက်ဖြည့်သွင်းခြင်း၊ ကွေ့များပြုပြင်ခြင်း၊ လမ်းပိုင်း တစ်လျှောက်ပြုပြင်ထိန်းသိမ်းမှုများ တံတားပြင်ဆင်ရေးလုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မေးခွန်းများကို (၁၀)ရက် ကြိုတင် တင်ပြရခြင်းဟာ ဖြေကြားမယ့်ပုဂ္ဂိုလ်ဟာ ပြင်ဆင်ပြီး တော့ ထိုက်ထိုက်တန်တန် ဖြေကြားနိုင်အောင် ဖြစ်ပါတယ်။ (၁၀)ရက် ကန့်သတ်ထားသော်လည်း မေးခွန်းရဲ့ အရေးပါမှု အပေါ် မူတည်ပြီးတော့ ဥက္ကဋ္ဌအနေနဲ့ရက်ကို ပြန်ပြီးတော့ လျှော့ပေးလို့ရပါတယ်။ တစ်ဆက်တည်းဆိုပြီး ခုမှ ကောက်မေး တဲ့အခါမျိုးမှာ တစ်ဖက်က ကြိုတင်ပြင်ဆင်နိုင်ခြင်း မရှိလို့ရှိရင် ထိုက်တန်တဲ့ အဖြေ ကို မရမှာဖြစ်တဲ့အတွက် ဒါမျိုး ကို ရှောင်ဖို့လိုပါတယ်။ နောက်တစ်ခုက မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းကိစ္စ တွေမှာ ကျန်းမာပါစေ ချမ်းသာပါစေ သိပ်ပြီးတော့ လူမျိုးရဲ့ စရို က်အရ ဆုတွေပေးတဲ့အခါကျတော့ ပေးတဲ့ဆုနဲ့ ပြည့်ပါစေလို့ ပရိသတ်က ဖြေရမလို ဖြစ်နေပါတယ်။ ဒါလေးတွေ လျှော့ဖို့ ပြောကြားလိုပါတယ်။

## ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့်မိန့်ခွန်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ နိုင်ငံတော်သမ္မတ ပြောကြား ခဲ့တဲ့မိန့်ခွန်းနဲ့ စပ်လျဉ်းပြီးတော့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေး တင်ပြမှာ ဖြစ်ပါတယ်။ ယခုဆွေးနွေးတင်ပြနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ် ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များခင်ဗျား။ ယခု ကျွန်တော် ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဆွေးနွေးရမယ့် အကြောင်းအရာကတော့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့မှာ နိုင်ငံတော်သမ္မတကြီး မှ ပြောကြားခဲ့တဲ့ မိန့် ခွန်းနဲ့စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ သမ္မတကြီးဟာ လွှ တ်တော်အသီးသီးက နိုင်ငံတော်သမ္မတ အဖြစ်

ရွေးချယ်တင်မြှောက်ခံရပြီးတဲ့နောက်ပိုင်းမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီး (၃)ရပ်နဲ့ ပတ်သ က်ပြီးတော့ စနစ်တကျ တည်တည်ငြိမ်ငြိမ်နဲ့ အသက်ဝင်အောင် ဆောင်ရွက်နိုင်မှု၊ အော င်မြင်မှုနှင့်တကွ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးကိုယ်စား ဂုဏ်ယူဝမ်းမြော က်ကြောင်း ပြောကြားသွားပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အမျိုးသားညီလာခံက လူမျိုးပေါင်းစုံအလွှာပေါင်းစုံနှင့် အချိန်အများကြီး ပေးပြီး ဆောင်ရွက်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက် မခံနိုင်ကြသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်နဲ့ တိုင်းရင်းသား ပြည်သူ လူထုတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို ရှေးရှုပြီးတော့ ငြိမ်း ချမ်းရေးတံခါးကို ဖွင့်လှစ်ခဲ့ ကြောင်းလည်း ပြောကြားသွား ပါတယ်။ ဒီနေရာမှာကြုံကြိုက်လို့ ကျွန်တော့အနေနဲ့ တင်ပြရလို့ရှိရင် ပြီးခဲ့တဲ့ တပ်မတော်အစိုးရ ဆိုတာကတော့ တစ်ဦးတစ်ယောက်တည်း တစ်ဖွဲ့တစ်စည်းတည်းက အုပ်ချုပ်တဲ့အစိုးရ ဖြစ်ပါ တယ်။ အဲဒီတော့ ယခု ကျွန်တော်တို့ရဲ့ အစိုးရကတော့ ခုန မ ဏ္ဍိုင်ကြီး(၃)ရပ်နဲ့ အုပ်ချုပ်ခြင်း ဖြစ်ပါတယ်။ အဲ ဒီတော့ တပ်မတော်အစိုးရ လက်ထက်မှာလည်း သူတို့အနေနဲ့ အကောင်းဆုံး ဖြစ်အောင်၊ တကယ်လို့ အေးချမ်းသာယာ ငြိမ်းချမ်းမှု မရှိလို့ရှိရင် ကျွန်တော်တို့စီး ပွားရေးတွေ၊ လူမှုရေးတွေ၊ ပညာရေး တွေ၊ သာသနာရေး တွေ ဘာမှလုပ်ကိုင်နိုင်မှာ မဟုတ်ပါဘူး။ ဒါ ကြောင့် ယခင် အစိုးရတပ်မတော်လက်ထက်ကဆိုလျှင် အဓိကအေးချမ်းမှုကို တည်ဆောက်သွားတာ တွေ့ရပါတယ်။ ထိုနည်းလည်းကောင်းပဲ လမ်းပန်း ဆက်သွယ်ရေးနဲ့ပတ်သက်လို့ သွားရ ခက်ခဲတဲ့ နေရာတွေ ဥပမာ - ဧရာဝတီတိုင်းတစ်တိုင်းလုံးဆိုလို့ရှိရင်လဲ တော်တော်များများ တံတားတွေ လမ်းတွေဖောက်သွားပါတယ်။ တစ်ပြည်လုံးနယ်စပ်ဒေသကအစ အကုန်ဖောက်သွားတာကို လည်း ဒီနေရာကနေပြီးတော့ ပြီးခဲ့တဲ့ တပ်မတော်အစိုးရကြီးကို ချီးကျူးလိုပါတယ်။ နောက်တော့ အဓိကအားဖြင့် ဒီမိုကရေစီ လမ်းကြောင်းကို အေးချမ်းသာယာစွာနဲ့ မည်သည့်ပြဿနာမှမရှိဘဲနဲ့ ကမ္ဘာပေါ်မှာ ရှားရှားပါးပါး ဆင့်ကဲ ဆင့်ကဲနဲ့ အခု Road Map (၇)ချက်ကို ထူထောင်ပြီးတော့၊ ဒါ ပြဋ္ဌာန်းပြီးတော့ တဖြည်းဖြည်း ပြောင်းလဲသွားတာကိုလည်း ကျွန်တော်တို့ လွှတ်တော် အနေနဲ့ကော ကျွန်တော်တို့ ပြည်သူအနေနဲ့ကော အသိအမှတ်ပြုဖို့ကောင်းပါတယ်။ နောက်တစ်ခုက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနဲ့ပတ်သက်လို့လည်း တင်ပြသွားတာရှိတဲ့အတွက်ကြောင့် ကျွန်တော် တင်ပြရရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရေမြေသဘာဝအနေအထားက တော တွေ တောင်တွေ အားလုံး ကာဆီးနေပါတယ်။ ဧရာဝတီတိုင်းတို့ ဧရာဝတီမြစ်တို့ စစ်တောင်းမြစ်တို့

ရခိုင်ရိုးမတို့ ပဲခူးရိုးမတို့ ရှမ်းရိုးမတို့ရှိပါတယ်။ အဲဒါကို ပြည်ပနိုင်ငံကနေပြီးတော့ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍ (၂၅)ရာခိုင်နှုန်းကို ထောက်ပါတယ် ။ တပ်မတော်မှ မရှိလို့ရှိရင်လည်း ကျွန်တော်တို့ နိုင်ငံလို နိုင်ငံသေးအနေနဲ့ ပတ်ဝန်းကျင်က ကျွန်တော့် ပတ်ဝန်းကျင်နိုင်ငံတွေကလည်း ကြီးပါတယ်။ တရုတ်ဆိုလည်း (၁.၅)ဘီလီယံကျော် နောက်တစ်ခါ အိန္ဒိယဆိုလည်း (၁)ဘီလီယံအထက် ပတ်ဝန်းကျင်နိုင်ငံတွေ တော်တော်များများ ရှိပါတယ်။ ကျွန်တော်တို့ကို တပ်မတော်အစိုးရရှိဖို့မလိုဘူးလို့ ပြောနေတဲ့ တိုင်းပြည်တွေ အကုန်လုံးပြန်ကြည့်လိုက်လို့ရှိရင် Island နိုင်ငံတွေပဲ ဖြစ်ပါတယ်။ Island ဆိုတာ ကျွန်းနိုင်ငံပါ။ ဘေးပတ်ပတ်လည်မှာ ပင်လယ်ပဲရှိပါတယ်။ အဲဒီတော့သူတို့ဆီမှာကတော့ ကျွန်တော်တို့လိုလက်နက်ကိုင်အဖွဲ့ အစည်းတွေ မရှိပါဘူး။ မရှိတဲ့ အတွက်ကြောင့်လည်း အုပ်ချုပ်ရတာ လွယ်ပါတယ်။ တပ်မတော်မရှိလည်း ရပါတယ်။ နောက်ဒီလိုလည်း တိုက်ပြီး ရင် ဟိုဘက်နိုင်ငံကူးသွားလိုက်၊ ဟိုဘက်နိုင်ငံမှာ နေလိုက် ဆိုတဲ့ ပုံစံမျိုးမရှိ တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံရဲ့ ရေမြေသဘာဝနဲ့ ကျွန်တော်တို့ Sanction ဆိုပြီး သတ်မှတ်ထားတဲ့တိုင်းပြည်တွေရဲ့ ရေမြေသဘာဝခြင်းဟာလည်း လုံးဝကွာခြားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံကို ချစ်တဲ့နေရာမှာ ကျွန်တော်တို့နဲ့ ကမ္ဘာ့ရဲ့ ဟိုဘက် ဒီဘက်အချိန်တောင်မှ ၁၂ နာရီလောက် အချိန်ကွာခြားတယ်။ ကျွန်တော်တို့ဆီမှာ နေ့လယ် ၁၂ နာရီဆိုရင် သူတို့ဆီမှာ ည ၁၂ နာရီ ဖြစ်နေတဲ့အတွက်ကြောင့် ချစ် တယ်ဆိုတိုင်း ယုံကြည်လို့မရပါဘူး။ အဲဒီတော့ ကျွန်တော်တို့ နို င်ငံနဲ့ လူမျိုးကို ကျွန်တော်တို့သာ ချစ်ကြော င်း ကြုံကြိုက်တုန်း တင်ပြချင်ပါတယ်။

နောက် ဒုတိယအနေနဲ့ ထပ်ပြီးတင်ပြချင်တာကတော့ သမ္မတကြီး ပြောသွားတဲ့ မိန့်ခွန်းထဲမှာ သမ္မတကြီးအနေနဲ့ အမိန့် ရှိသွား တာကတော့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ် Good Governance သန့်ရှင်းတဲ့အစိုးရ Clean Government ဒီမိုကရေစီကျင့်စဉ် Democracy Practice များကို ထွန်းကားလာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းလည်း ထပ်ခါထ ပ်ခါ ပြော သွားပါတယ်။ ပွဲ တိုင်းမှာလည်း ဒါမျိုးပြောသွားတာ ကျွန်တော်တို့ မျက်မြင်တွေ့ခဲ့ပါတယ်။ ဒါ့အပြင် တိုင်းပြည်ရဲ့ စီးပွါးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးမူဝါဒတွေ၊ ဘဏ္ဍာရေးမူဝါဒတွေ၊ နောက်ကုန်သွယ် ရေးမူဝါဒနဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒများကိုလည်း ပြန်လည်သုံးသပ်လေ့လာ ပြီးတော့ စီးပွ ါးရေးကဏ္ဍကို ဖွံ့ဖြိုးပြောင်းလဲရေးအတွက်ကိုလည်း တစ်ရှိန်ထိုး ဆောင်ရွက်မယ်လို့လည်း ပြောသွားတာသိလိုက်ရပါတယ်။ အဲ ဒီတော့

ကျွန်တော့်အနေနဲ့ ဆက်ပြီးတင်ပြရရင် ဒီမှာ သမ္မတကြီးမိန့်ခွန်းပါတဲ့ သတင်းစာလေးကို ကိုးကားခွင့်ပြုပါလို့ ကျွန်တော်တင်ပြချင်ပါတယ်။ အဓိကအားဖြင့် နိုင်ငံတော်သမ္မတကြီးကနေ ပြီးတော့ ပြောသွားတဲ့ အရေးကြီးတဲ့အချက်တစ်ချက်က ပြည်သူများ၊ တောင်သူ လယ်သမားများ နှင့် အလုပ်သမားများ၊ လူမှု ဘဝဖွံ့ဖြိုးလာဖို့အတွက် တ တ်နိုင်သမျှ ကူညီမယ်ဆိုတဲ့အပိုင်းလည်း တွေ့ရပါတယ်။ နောက်တစ်ခါ နိုင်ငံတော်က စိုက် ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတတဲ့တန်ဖိုးကို ရရှိရေးအတွက် ကူညီမယ် ဆိုပြီးတော့ အဲ ဒီမှာ ပုဂ္ဂလိကနဲ့ပူးပေါင်းပြီး သတ်မှတ်နှုန်းနဲ့ဝယ်ပေးမယ်ဆိုတာတွေကအစ၊ နောက်တစ်ခါ နိုင်ငံတော်ရဲ့ငွေကြေး၊ နိုင်ငံတော် အစိုးရရဲ့ သက်တမ်းနုနုမှာပဲ ငွေရေးကြေးရေး မတည်ငြိမ်မှုတွေ ၊ သဘာဝဖေါက်ပြန်မှုတွေ အများကြီးကြုံတွေ့ရပါတယ်။ အဲ ဒီအပေါ်မှာမှ ကျွန်တော် တို့သမ္မတကြီးနဲ့ အစိုးရအဖွဲ့ ဆိုလို့ရှိရင် ငွေရေးကြေးရေး မတည်ငြိမ်မှုတွေကို ဖြည်းဖြည်းချင်းရှင်းပါတယ်။ ရှင်းတဲ့နေရာမှာ အကောက်ခွန်တွေ နောက်တချို့အပိုင်းတွေ Export မလုပ်နိုင်တာတွေ၊ အကောက်ခွန် လျှော့ပေးတဲ့ စနစ်တို့၊ တစ်ဖက်ကနေပြီးတော့ ကုန်သွယ်ခွန်များကို သက်တမ်းအလိုက် ကင်းလွတ်တဲ့စနစ်နဲ့ ဆောင်ရွက် ပေးတာကိုလဲ ကျွန်တော်တို့ တွေ့ရပါတယ် ။ ဒီအတိုင်းပဲ နိုင်ငံခြားငွေ လဲလှယ်နှုန်းနဲ့ ပက်သက်ပြီး တော့လည်း စီးပွါးရေးမူဝါဒများကို ဖွံ့စည်းပုံအခြေခံ ဥပဒေခေတ်စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲ ရေးအတွက်ကို အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကိုလည်း အလွှာစုံတက်ရောက်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကရလာတဲ့ရလဒ်တွေကိုလည်း တိုင်ပင်ညှိနှိုင်းပြီးတော့ လူမှုဘဝတွင် ရေရှည်ရေတို ထိခိုက်နစ်နာမှု မရှိစေရန်အတွက် သတိရှိရှိနဲ့ အကောင် အထည် ဖော်ဆောင်ရွက်သွားတာကိုလည်း တွေ့ရှိရပါတယ်။ အဓိက သမ္မတကြီးအနေနဲ့ ပြောသွားတဲ့ အချက်ထဲမှာ နိုင်ငံတော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စတို့ ၊ NGO အဖွဲ့တွေနဲ့ ပူးပေါင်းပြီး တော့ ဥပဒေ ၊ နည်းပညာတွေ စည်းကမ်းစည်းမျဉ်း တွေနဲ့အညီ ဆောင်ရွက်သွားတာကိုလည်း ပြောတဲ့အတိုင်း လုပ်သွား တာကိုလည်း ကျွန်တော်တို့တွေ့ရှိရပါတယ်။ ထိုနည်းလည်းကောင်းပဲ သမ္မတကြီးအနေနဲ့ ၂၀၁၄ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ဖို့ ကမ်းလှမ်းတာ ကိုလည်း ဂုဏ်ယူစွာနဲ့ တွေ့ရှိရပါတယ်။ ဒီနေ့ သမ္မတကြီးကနေ ကျွန်တော် တို့နိုင်ငံဟာ သဟဇာတဖြစ်တဲ့ လူ့အဖွဲ့အစည်း ဖေါ်ဆောင်နိုင်မယ့် ဒီမိုကရေစီ မြန်မာ့လူ့ဘောင်ကို ချောမွေ့ ညင်သာစွာ ကူးပြောင်းနေတဲ့ကာလဖြစ်ပါတယ်။ ဒီနေ့ မျက်မှောက်အခြေအနေကို လေ့လာရင် ကျွန်တော်တို့ နိုင်ငံ ရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟာ နိုင်ငံရဲ့ တိုင်းရင်းသားတစ်ရပ်လုံး

ဂုဏ်ယူဖွယ်ရာ ကူးပြောင်းမှုတစ်ရပ်ဖြစ်တယ်လို့ အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ နောက် ကျွန်တော်တို့အနေနဲ့ အဓိက အကြောင်းအရာတစ်ချက် ဆွေးနွေးချင်တာကတော့ နိုင်ငံတော်က နေပြီးတော့ လယ်သမားတွေနဲ့ပတ်သက်လို့ ဒီဘိုးစဥ်ဘောင်ဆက်ပေါ့လေ နည်းဥပဒေနဲ့ လယ်ယာပိုင်ဆိုင်ခွင့်တော့ မဟုတ်ပါဘူး။ လု ပ်နိုင်အောင်လို့ စီစဥ်ဆောင်ရွက် ပေးမှာဆိုတော့ အပိုဒ်တစ်ပိုဒ်မှာလည်း တွေ့ပါတယ်။ အဓိကအားဖြင့် ကျွန်တော်တို့ရဲ့ အတိုက်အခံနိုင်ငံရေးပါတီ တော်တော်များများကတော့ လယ်သမားတွေကို ပိုင်ဆိုင်ခွင့်ပေးလိုက်ပါဆိုပြီးတော့ တော်တော် များများ ပြောတာရှိပါတယ်။ ပေးလို့မရတဲ့ အကြောင်းအရာတွေဟာလည်း ရှိပါတယ်။ အရင်တုန်းက ခေတ်တစ်ခေတ်မှာ ပေးခဲ့ဖူးပါတယ် ။ ပေးတဲ့အချိန်မှာ လယ်သမားတွေဟာ သူတို့ရဲ့ လယ်မြေတွေ ရောင်းလိုက် ပေါင်လိုက်နဲ့ အားလုံးဟာ လယ်သမားအဆင့်ကနေပြီးတော့ သူရင်းငှားဘဝကိုရောက်ခဲ့ဖူးတဲ့ အတွေ့အကြုံသင်ခန်းစာတွေရရှိပြီးတော့ အခုဆိုနိုင်ငံတော်ကနေ လယ်သမားတွေ ရေရှည်သူတို့ရဲ့အကျိုးစီးပွားအတွက် အာမခံရှိအောင် ဥပဒေတစ်ရပ် ဖော်ဆောင် သွားပေးမယ်လို့လဲ သမ္မတကြီး မိန့်ကြားသွားတာရှိတဲ့အတွက်ကြောင့် ဒီ မိန့်ကြားချက်ကိုလည်း ကျွန်တော်တို့အနေနဲ့ ကြိုဆိုထောက်ခံပါတယ်။

ကျွန်တော့်အနေနဲ့ အဓိကပြောချင်တာကတော့ နိုင်ငံတော်က ဒီနေ့နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတအပါအဝင် နိုင်ငံတော်အဆင့်ဝန်ကြီးများ၊ တိုင်းနဲ့ပြည်နယ်အဆင့်ဝန်ကြီးများ၊ ဝန်ကြီးချုပ်များ အပါအဝင် ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ဆင့်ကဲဆင့်ကဲ အုပ်ချုပ်တာကို ပီပီပြင်ပြင်နဲ့ သွားနေတာကိုတွေ့တဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ပြည်သူ ပြည်သားတွေကိုယ်စား ဂုဏ်ယူကြောင်းလည်း ပြောချင်ပါတယ်။ နောက်ဆုံးအနေနဲ့ တင်ပြချင်တာကတော့ သမ္မတကြီးနဲ့ ပက်သက်ပြီးတော့ သမ္မတကြီးက နောက်ဆုံးနိဂုံးချုပ်မှာ ပြောတဲ့အချက်လေးဟာ ကျွန်တော်တို့ ပြည်သူပြည်သားတွေဟာ စွဲပြီးကျန်ခဲ့ပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့ အစိုးရဟာ ပြည်သူတွေဖြစ်ချင်တာတွေကို ကျွန်တော်တို့ သိပါတယ်။ နောက်တစ်ခါ အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်နိုင်အောင်လည်း ကြိုးစား ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုက ရွေးချယ် တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရ ဖြစ်တာနဲ့အညီ ပြည် သူလူထုအကျိုးစီးပွါးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ် ကြောင်း ဆိုပြီးတော့ နိဂုံးချုပ်ပြောသွားတာကိုလည်း ကျွန်တော် မှတ်ယူမိပါတယ်။ အဓိကအားဖြင့် ကျွန်တော့်အနေနဲ့ တင်ပြလို့ရှိရင် နိဂုံးချုပ်အနေနဲ့ ကျွန်တော် ပြန်တင်ပြရလို့ရှိရင် ဝန်ထမ်း

တစ်ဦးချင်း၊ ဌာနတစ်ခုချင်း ကောင်းမှသာလျှင် အစိုးရကောင်း ဖြစ်နိုင်ပါလိမ့်မယ်။ ထိုနည်းလည်းကောင်းပဲ ပြည်သူတစ်ဦး ချင်းကောင်းပြီးတော့ ကိုယ်စီ တိုင်းချစ်ပြည်ချစ်စိတ် ရှိမှသာလျှင် တိုင်းပြည်ကောင်း ဖြစ်ပါလိမ့်မယ်။ ထိုနည်းလည်းကောင်းပဲ နိုင်ငံသား တစ်ဦးချင်း ကောင်းမှ နိုင်ငံတော်ကို တစ်ဦးချင်းက အားလုံးက ဝိုင်းချစ်မှသာလျှင် နိုင်ငံတော်ကြီး ကောင်းပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော်တို့က အစိုးရကောင်းဖြစ်ဖို့အတွက်ကျွန်တော်တို့ရဲ့တိုင်းပြည်ကောင်း ဖြစ်ဖို့အတွက် ၊ နိုင်ငံကောင်းကြီး ဖြစ်ဖို့အတွက် ၊ ကျွန်တော်တို့ အားလုံး ဝန်ထမ်းတွေရော၊ ပြည်သူတွေရော၊ နိုင်ငံသားတွေရော၊ အားလုံးတာဝန်ရှိကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)၏ ပါရဂူဘွဲ့ပေးသည့် တက္ကသိုလ်များ၏ အဆင့်အတန်းမြင့်မားရေးတွင် ပထမအဆင့်အနေဖြင့် အရှေ့တောင်အာရှ အဆင့်မီစေပြီး ဒုတိယအဆင့်အနေဖြင့် ကမ္ဘာ့အဆင့်မီ စေရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်တင်သွင်းထားသည့် ပါရဂူဘွဲ့ပေးသည့် တက္ကသိုလ်များ၏ အဆင့်အတန်းမြင့်မားရေးတွင် ပထမအဆင့်အနေဖြင့် အရှေ့တောင်အာရှအဆင့် မီစေပြီး ဒုတိယအဆင့်အနေဖြင့် ကမ္ဘာ့အဆင့်မီ စေရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားအစဉ် လေးစား ပါကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ ဖြစ်ပါတယ်။ ကျွန် တော်ထောက်ခံမယ့် အဆိုကတော့ ပြည်ထောင်စုအစိုးရအား ပါရဂူဘွဲ့များ ပေးအပ်တဲ့တက္ကသိုလ်များ ပထမအဆင့်အနေဖြင့် South East Asia အာဆီယံနိုင်ငံများ အပါအဝင်ရှိတဲ့ နိုင်ငံများမှာရှိနေကြတဲ့ တက္ကသိုလ်များရဲ့အဆင့်အတန်းကိုမီစေရေး၊ ဒုတိယအဆင့် အနေဖြင့် ကမ္ဘာ့အဆင့်အတန်းမီ တက္ကသိုလ်များနဲ့ ရင်ဘောင်တန်းနိုင်ရေးဆိုတဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံဖို့ဖြစ်ပါတယ်။ ဒီအဆိုကို ပြုစုထားတဲ့ပုဂ္ဂိုလ်ဟာလည်းပဲ ပါရဂူဘွဲ့ကို ရထားတဲ့အတွက် မွန်မြတ်တဲ့စေတနာနဲ့ တင်သွင်းတဲ့ အဆိုဖြစ်တဲ့အတွက် ကျွန် တော် အထူးထောက်ခံခြင်းဖြစ်ပါတယ်။ အရင်တုန်းကတော့ ကျွန် တော်တို့ ယနေ့ ပညာရေးပန်းတိုင် မြန်မာ့ပညာရေးပန်းတိုင်မှာလဲပဲ လူ့ဘောင်အဖွဲ့အစည်းနဲ့ သင့်လျော် တဲ့ ပညာရေးစနစ်ကို စဉ်ဆက်မပြတ်သင်ယူမယ်လို့ ခံယူထားတဲ့အတွက် ကျွန် တော်တို့ ငယ်စဉ်က ကြားရမှုများနေတဲ့ ပါရဂူဘွဲ့ဆိုတာဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် မှာလည်းပဲ အားနည်းခဲ့ပါတယ်။ ယခု တပ်မတော်အစိုးရလက်ထက်ရောက်လာတဲ့အခါမှာ မြန်မာ့ပညာရေး ပန်းတိုင်ရဲ့ လူ့ဘောင် အဖွဲ့အစည်း စဉ် ဆက်မပြတ် အကျိုးရှိစေမယ့်ပညာရေး စနစ်ကို ဖော်ဆောင်လာတဲ့အတွက် ပါရဂူဘွဲ့များကို ပေးအပ်လာတာကို ဝမ်းမြောက်ဝမ်းသာ တွေ့ရှိရပါတယ်။ ယခုဆိုရင် ကျွန်တော်တို့ ဒီပါရဂူဘွဲ့ရထားတဲ့ ပု ဂ္ဂိုလ်များဟာ လျှံလာတဲ့အတွက်ကြောင့်ပဲလို့ ကာလစကား အားဖြင့်ပြောလျှင် အခြေခံပညာ အထက်တန်းကျောင်းအဆင့်တွေမှာပါ စမ်းသပ်ပြီးတော့ ခန့်အပ်နေတာ တွေ့ရှိရပါတယ်။ ဒါဟာလဲပဲ အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်။ သို့သော် အဆိုရှင်ရဲ့ ဒီပါရဂူဘွဲ့ ပေးအပ်နေတဲ့ တက္ကသိုလ်တွေ ဟာ အဆင့်အတန်းမီ ဖို့တော့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုဆိုလျှင် ပါရဂူဘွဲ့ရရှိထားတဲ့ ပုဂ္ဂိုလ်များ ဟာ Subject ဘာသာရပ်တိုင်းလိုလိုမှာ အသီးသီးဖူးပွင့်နေကြပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြီးပြည့်စုံတယ်လို့တော့ မဆိုနိုင်ဘဲနဲ့ ဒီပုဂ္ဂိုလ် ပါရဂူဘွဲ့ရှင်များကနေ နောင်တက်လာ ကြမယ့် ပါရဂူဘွဲ့ကို လှမ်းကြမယ့် ပုဂ္ဂိုလ်များကို သင်ကြားပေးနိုင်ဖို့ကိုတော့ ကျွန်တော်တို့ အထူးပြောင်းလဲဖို့ လိုအပ်ပါတယ်။ ပညာရေး လောကရဲ့ အစီအ မံများဟာ အလွန်ကောင်းသော်ငြားလည်းပဲ တစ် ခါတစ်ရံမှာ လွဲချော်မှုများတွေ့ခဲ့လျှင် ပြင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီသင်တန်းကို ရွေးချယ်တဲ့အခါမှာ ပါရဂူဘွဲ့သင်တန်းအတွက် ရွေးချယ်တဲ့အခါမှာလ ည်းပဲ Reciprocate လို့ခေါ်တဲ့ Control Of Quality and quantity အရေအတွက်နဲ့ အရည်အချင်းကို အလေးပေးပြီးတော့ စဉ်းစားပေး

ဖို့လိုပါတယ်။ ဒါဟာလည်း ဒီလို ပညာရှင်တွေ ပေါ်လာမှသာလျှင် ဒီတက္ကသိုလ်ရဲ့ Research လုပ်ဆောင်မှုတွေ Researcher တွေဟာ တကယ့်ကို good laboratory တွေမှာ စီစဉ်နိုင်မှာ ဖြစ်ပါတယ်။ နောက်သင်တန်းကို ပို့ချတဲ့အခါမှာလဲပဲ ပြည်တွင်းရဲ့ professor များနဲ့ မကျေနပ်သေးဘဲနဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအင်အားပေါ်မှာ မူတည်ပြီး ပြည်ပမှ ပညာရှင်များကို ဖိတ်ခေါ်ပြီး ဒီကျောင်းမှာပြသခြင်း၊ ဘာသာရပ်ဆိုင်ရာ ယခုနှစ်မှာ ဥပမာ Chemistry, Physics, နှစ်ဌာနလောက်ကပဲ ခေါ်နိုင်ရင် နောက်တစ်နှစ်မှာ အခြားဌာနက (၃)ယောက်ခေါ်သင်နိုင်မယ်။ ဒီသင်နည်းတွေကတော့ ဒီ syllabus နဲ့ သင်ရိုးတွေကတော့ ကျွန်တော်တို့ သိရှိကြပြီးဖြစ်ပါတယ်။ အားလုံးလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နောက်တစ်ချက်ကတော့ ဘဏ္ဍာရေးအခြေအနေ အခုနက သင်ကြားမှုကို ပြောပြီးတဲ့ အခါမှာ ဘဏ္ဍာ ရေးအခြေအနေကတော့ ယနေ့ နိုင်ငံတော်အစိုးရအနေနဲ့ တက်လှမ်းလာခဲ့တဲ့ အချိန်ပိုင်းဟာ နုနယ်သေးတဲ့အတွက် ဒါသမ္မတကြီးကလည်း ပဲ အထူးကြိုးစားပြီး ဆောင်ရွက်မယ်လို့ ပြောကြားမှာ ကြားမိန့်ခွန်းများပေးထားတဲ့အတွက် ဒီဟာကို ရှေ့ဆောင်လမ်းပြအဖြစ်နဲ့ ယူပြီးတော့ စီးပွါးရေးတတ်နိုင်လျှင် တတ်နိုင်သလောက် ဒီသင်တန်းတွေမှာ ပို့ချမယ့်ဆရာဆရာမများ ကိုခေါ်ယူခြင်း ကျောင်းသားများကို ရွေးချယ်၊ စနစ်တကျ ရွေးချယ်ဖို့ လိုပါတယ်။ အရည်အချင်း ပြည့်မီတဲ့ ကျောင်းသားများကိုလည်း လိုပါတယ်။ အရည်အချင်းမပြည့်မှီဘူးဆိုတာ ဘာနဲ့တိုင်းတာသလဲဆိုတော့ ကျွန်တော်တို့ ဦးနှောက်ဖောက်စားခံရမယ့် အခြေအနေမျိုးကို ဆိုလိုပါတယ်။ သင်တော့သင်ပေးလိုက်ပြီး သင်ပေးတဲ့ပုဂ္ဂိုလ်တွေက ပြည်ပကို ထွက်သွားရင် ကျွန်တော်တို့ရဲ့သင်ပေးထားခဲ့ရတဲ့ အချိန်ပိုင်းတွေ ဘဏ္ဍာရေးပိုင်းတွေဟာ ဆုံးရှုံးမှုဖြစ်စေပါတယ်။ နောက်တစ်ခု ဒီတက္ကသိုလ်တွေမှာ သုတေသန လုပ်ငန်းတွေဟာ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်တဲ့ Good Laboratory Equipement တွေ ဒါကျွန်တော်တို့ နိုင်ငံခြားကနေ မှာသွင်း ပေးရမယ်။ လေ့လာရမယ်။ နောက် တစ်ချက်ကတော့ အာစရိယပူဇော်ပွဲတွေမှာ ကျွန်တော်တို့ရဲ့ ပါမောက္ခ သမားတော်ကြီးတွေ ပြောသွားတဲ့ စကားလေးဟာလည်း မှတ်သားဖွယ်ပါ။ အေး မင်းတို့ ကန်တော့တော့ ကန်တော့တာပေါ့။ ဒါပေမယ့် တို့ဆီကို မင်းတို့ရဲ့ ဒီမှာပေါ်နေတဲ့ မဂ္ဂဇင်းတွေ ကျွန်တော်တို့ ဆေးပညာကတော့ Lanced ပေါ့။ အဲဒီလို စာစောင်တွေကို ငါတို့ဆီကို ပို့စမ်းပါကွာ။ ဆရာ တို့ ဒီမှာရှားပါးပါတယ်။ အဲတော့ အဲဒီ လိုပို့ဆောင်တဲ့အခါမှာလည်းပဲ အလားတူပေါ့။ အခုတော့ အများကြီးတော့

ဝင်နေပါတယ်။ ဒီမှာ Photo တွေ ကူးကြပြုကြနဲ့ အဲတော့ အဲဒီလို ကျွန်တော်တို့ စာစောင်တွေပေါ့။ ပညာရေးစာစောင်တွေ အဲဒါမျိုးတွေကို များများ သွင်းပေးရပါမယ်။ နောက် မြေတောင်မြှောက်ပေးရပါမယ်။ ဒီလို ဆောင်ရွက်လိုက်မယ် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ရဲ့ တက္ကသိုလ်တွေဟာ အဆင့်အတန်း မြင့်မြင့်မားမားဖြစ်ပါမယ်။ နောက်နိုင်ငံတော်ရဲ့ Library တွေမှာ သွားရောက်ပြီးတော့ လေ့လာတဲ့ အကြောင်းအရာတွေ၊ ဒါတွေကို ပညာရှင် တွေ ပါရဂူဘွဲ့ကို ယူမယ့်ပုဂ္ဂိုလ်တွေဟာ တက္ကသိုလ်ကနေပြီးတော့ စေလွှတ်ပြီး ဒီလိုလေ့လာကြမယ် ဆိုရင် ကျွန်တော်တို့ ဒီတက္ကသိုလ်တွေရဲ့ အဆင့်အတန်းဟာ အောင်မြင်မှုဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

နောက်ခုနက ဆရာကြီးတစ် ဦးကလည်းပဲ ကျွန်တော်တို့ Shadow Thesis ဒါ ကျွန်တော်တို့ အခုက တော့ မြန်မာပြည်မှာကတော့ Master of Research အဲဒီဘွဲ့ကို ရပြီးမှ ပါရဂူဘွဲ့ကိုတက်လှမ်းရမှာ ဖြစ်ပါတယ်။ Master of Research မှာ လုပ်ထားတဲ့ ကိုယ့် Research အနေနဲ့လည်း တင်းတိမ်မနေဘဲနဲ့ ဆက်လက်ပြီးတော့ ဒီ Research ကို တိုးတက်အောင် လုပ်ဖို့လိုပါတယ်။ Shawdow Thesis ဆိုတာလည်း စာတမ်းကိုတင်ရင် တော့ လေ့လာမှုအားတော့ နည်းတယ်။ ခုနက ဆရာကြီး တစ်ယောက်ကတော့ ပြောသွားတယ်။ သိန်း လေးငါးဆယ်လောက် ပေးပြီးတော့ ဒီ Thesis တွေကို ရေးခိုင်းတယ်။ ရေးခိုင်းပြီးတော့ ဒီလို ပါရဂူဘွဲ့တွေကို ရအောင်ယူတယ်လို့လည်း ပြောနေကြပါတယ်။ ဒါကတော့ ပညာရေးဌာနနဲ့ သက်ဆိုင်ပါတယ်။ အဲဒီတော့ ဒီဥစ္စာမျိုးေ တွကိုလည်း ကျွန်တော် တို့က မဖြစ်စေချင်ပါဘူး။ စစ်စစ်ပေါက်ပေါက်နဲ့ တကယ့်ကို ခုန ကျွန်တော်ပြောခဲ့တဲ့ Reciprocated To Control Of Quality And Quantity အရေအတွက်နဲ့ အရည်အချင်း တကယ့် ကို တော်တဲ့သူကိုသာလျှင် ဒီပါရဂူဘွဲ့သင်တန်းမှာ ထူးချွန်စွာနဲ့ လုပ်ဖို့အတွက်ကို နိုင်ငံတော်က လည်း ထောက် ပံ့တယ်။ သူကိုယ်တိုင်ကိုကလည်း ကြိုးစားမယ်ဆိုရင် ဒါဟာကျွန်တော်တို့ မကြာခင်မှာ ၂၀၁၄ မှာ လည်းပဲ ကျွန်တော်တို့ရဲ့ နိုင်ငံတော် သမ္မတကြီး အာဆီယံဥက္ကဌအဖြစ် ခံယူမယ်ဆိုရင် ၊ ကျွန်တော်တို့ ၂၀၁၅ ခုကလည်းပဲ အာဆီယံ အသိုက်အဝန်းမှာထားတဲ့ ရည်မှန်းချက်တွေမှာ ပညာရေးနဲ့ ပတ်သက်လို့ ထူးချွန်တဲ့ ပုဂ္ဂိုလ်တွေကို ဦးစားပေးတဲ့ အဆင့်ကိုလည်းပဲ ဝင်သွားမယ်လို့ ကျွန်တော် မြင်ပါတယ်။ ဒါကြောင့်မို့လို့ ခုန ဘဏ္ဍာရေးမှာလည်းပဲ နိုင်ငံတော်အစိုးရက လည်း အားနည်းသေးလို့ပဲလို့ ပြောရ မှာပေါ့။ ဒါပြည့် စုံအောင် မထောက်ပံ့နိုင်သေးဘူး ဆိုရင်လည်းပဲ

ကျွန်တော်တို့အခု ဘဏ်တွေဖွင့်ကြတယ်။ ကားလုပ်ငန်းရှင်ကြီးတွေက ဒီ လုပ်ငန်းတွေ အောင်မြင်ဖို့အတွက်ကို ဝိုင်းဝန်းပြီးကူညီပြီး ကျွန်တော်တို့ ကိုယ်စားလှယ်တွေကလည်း လိုအပ်တဲ့ ဟာတွေကို တင်ပြဆွေးနွေးရင်း ညှိနှိုင်းရင်းနဲ့ ရတဲ့ အချိန်မှာ ညီညီညွတ်ညွတ်နဲ့ ဒီလိုဆောင်ရွက်ကြမယ်ဆိုရင် South East Asia လို့ခေါ်တဲ့ အရှေ့တောင်အာရှ အဆင့် သာမကပဲနဲ့ တဖြည်းဖြည်းချင်း ကမ္ဘာ့အဆင့်မီနိုင်အောင် သင်ယူရမှာဖြစ်ပါတယ်။

နောက်လက်ရှိ ရှိနေကြတဲ့ပုဂ္ဂိုလ်တွေ ကျွန်တော်တို့ဒီမှာ အသက် (၆၀)ကျော် သွားတာနဲ့ကို ဘေးဖယ်လိုက်တဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ ဒီပညာ ရှင်တွေကို အခုတော့ ကျွန်တော်တို့ ဒီ Good Governance, Clean Government လက်ထက်မှာတော့ ပြည်ထောင်စုဝန်ကြီးဌာနတွေမှာ တွေ့ရှိရပါတယ်။ အင်မတန်ဂမ်းမြောက်စရာကောင်းပါတယ်။ ပညာရှင်တွေကို ခေါ်တယ်။ ဖိတ်ကြားပြီးတဲ့အခါမှာ လုပ်ဆောင်မယ့် လုပ်ရပ်တွေပေါ့။ မိမိရဲ့ အတိုင်းအတာ ပညာဆိုတာ ပိုသည်မရှိပါဘူး။ လိုသည်ပဲရှိပါတယ်။ အစဉ်အမြဲ လေ့လာဆည်းပူး နေရမှာ ဖြစ်ပါတယ်။ အဲတော့ အဲဒီပညာရှင်တွေကို ဖော်ထုတ်ပြီးတော့ ပညာရှင်တွေနဲ့ ညှိညှိနှိုင်းနှိုင်း တိုင်ပင်ပါ။ ဒီပညာရေးလည်းပဲ ပညာရေးလောကက ဆွေးနွေးသွားတာ ကို ကျွန်တော်တို့ရဲ့ လွှတ်တော်နားရက်မှာ လေ့လာမိပါတယ်။ နောက် ဒီတစ်ချက်မှာ တစ်ခါတည်းပဲ ပေါ့။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးကို မေ တ္တာရပ်ခံချင်တာကတော့ သက်ဆိုင်ရာ ပုဂ္ဂိုလ် တွေဟာ ကျွန်တော်တို့ ကိုယ် စားလှယ်ထဲမှာပါပါတယ်။ ဖိတ်ကြားပါ ။ ဒါမှလည်းပဲ ကျွန်တော်တို့ သိရှိမယ်။ ဝင်မပြောနဲ့ ဆို ဝင်မပြောပါဘူး ။ ဖိတ်ကြားလိုက်ရင် ကျွန်တော်တို့က ဒီအတွေ့အကြုံတွေကို များများရပါတယ်။ သတင်းစာထဲကျပြန်တော့လည်း ပြောပေမယ့် ပြောသလောက် ပါတာတွေမဟုတ်ပါဘူး။ တီဗွီမှာလည်း အလားတူပါပဲ ။ ပြောပေမယ့် ပြောသလောက်ပါတာတွေ မဟုတ်တော့ အပြည့်အစုံမသိရပါဘူး။ အခု အဲဒါကြောင့် မို့လို့ ညီညီညွတ်ညွတ်နဲ့ ပညာရေးလောက အသိုက်အဝန်း မှ ပုဂ္ဂိုလ်ကြီးများ၊ ယခုလက်ရှိ ရှိနေကြတဲ့ ပါရဂူကြီးဘွဲ့ကို ခံယူထား ကြတဲ့ အပြည်ပြည်ဆိုင်ရာကို ဆင်နွှဲ ခဲ့ကြတဲ့၊ ပါ ဝင်ညှိနှိုင်းခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးများ၊ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကို ယ်စားလှယ်ကြီးများ စုပေါင်းပြီးတော့ ညီညီညာညာနဲ့ သိုက်သိုက် ဝန်းဝန်း လိုအပ်တာတွေ ကို ဆွေးနွေးခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ အခုန ဒေါက်တာဦးမြင့်ကြည်၊ မဲဆန္ဒနယ်အမှတ်(၈)မှ တင်သွင်းခဲ့တဲ့ ပြည်ထောင်စု အစိုးရအား တိုက်တွန်းခြင်းဆိုတဲ့ ပါရဂူဘွဲ့များပေးအပ်တဲ့ တက္ကသိုလ်များရဲ့ အဆင့် အတန်း

မြင့်မားရေးဟာ မကြာခင်မှာ မြင်တွေ့ လာနိုင်စရာရှိပါတယ်လို့ပြောရင်း လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အား ကျေးဇူးတင်ရှိကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးဇုန်လှယ်ထန်းချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်တဲ့ဥက္ကဋ္ဌကြီး နဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ဖြစ်ပါတယ်။ ဥ က္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီ အဆိုနဲ့ပတ်သက်ပြီး အဆိုရှ င်ရဲ့ ဥပမာပေးမှုအရ ကျွန်တော့်အမြင်မှာ ဒီပါရဂူကျောင်းသားများကိုသာ Focus လုပ်တာမဟုတ်ဘဲနဲ့ ကျောင်း တစ်ခုလုံးကို အဆင် ့မြှင့်တင်ရေးကို အဆိုပြု တယ်လို့ သဘောပေါက်တဲ့အတွက်ကြောင့် ကျွန်တော်က ကျောင်းကြီးတစ်ခုလုံး ဒီတက္ကသိုလ်ကျောင်းကြီးတစ်ခုလုံး အဆင့် မြှင့်တင်ဖို့ အတွက် ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်ဆွေးနွေးမယ့်အချိန်မှာ ဒီအင်္ဂလိပ်စကားလုံးလေး တွေပါတဲ့အတွက်ကြောင့် အသုံးပြုခွင့် ပြုပါရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးဇုန်လှယ်ထန်းချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ကျွန်တော်တို့မြန်မာနိုင်ငံ မှာ ကျွန်တော်တို့လက်ရှိတက္ကသိုလ် တွေမှာ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ စနစ်သည်မှုမှန် မဟုတ်တဲ့ အချိန်မှာကျတော့ နိုင်ငံခြားမှာ ကျောင်းဆက်လက်သင်ဖို့အတွက်တွေလည်း အခက်အခဲအများကြီး ရှိပါတယ်။ ဥပမာပေးမယ်ဆိုရင် ဒီ Grading System ပေါ့။ အဆင့်သတ်မှတ်ခြင်းစနစ် အဲဒီမှာလည်း နိုင်ငံတကာအဆင့်မီအောင် မြှင့်တင်ပေးဖို့လိုပါတယ်။ ဥပမာ နိုင်ငံတကာမှာ တော့ ဒီအမှတ် (၉၄)ကျော်ရရင် (A)၊ အမှတ် (၉၀)ကျော် ရရင်(A Minus) စသည် ဖြင့် သတ်မှတ် ပြီး ကျွန်တော်တို့နို င်ငံမှာတော့ အမှတ် (၄၀) အောက်ရရင် ရှုံးတယ်။ ၈၀ ရရင် ဂုဏ်ထူးရ တယ်ဆိုတဲ့ စနစ်မျိုးကျင့်သုံးတဲ့အချိန်မှာ နိုင်ငံတကာစနစ်ပုံစံတွေနဲ့ မတူတဲ့

အချိန်ကျတော့ ကျောင်းသားတွေဟာ အများကြီး ဒုက္ခရောက်ပါတယ်။ အဲဒါကြောင့် ပြီးတော့ ဒီ subject တစ်ခုမှာကျရင် ကျရှုံးလောက်နဲ့ စာမေးပွဲကျတဲ့ပုံစံမျိုးမဟုတ်ဘဲနဲ့ ဒီ Grade Point Averageလို့ခေါ်တဲ့အဆင့်မှတ်တမ်းမှတ်တဲ့ စနစ်ပုံစံမျိုးနဲ့ အဆင့်မြှင့်တင်ပေးရင် ကျွန်တော်တို့ ကျောင်းသားတွေတော်တော်လေးအဆင်ပြေလာမှာ ဖြစ်ပါတယ်။ ဒီ တခြား subject မှာတော်လို့ ရှိရင် ညံ့တဲ့ subject တွေကိုလည်း 'မ'တင်ပေးလို့ ရပါတယ်။ ပြီးတော့ ဒုတိယမှာ ကျွန်တော်တို့ လေးနှစ်Bachelar မှာလေးနှစ်သင်ပြီးတော့ အောင်တဲ့ပုံစံမျိုး Master မှာ(၂)နှစ် သင်တဲ့ပုံစံမျိုး မဟုတ်ဘဲ နဲ့ Credit စနစ်နဲ့ နိုင်ငံတကာပုံစံမျိုး အဆင့် မြှင့်တင်ဖို့ ဆွေးနွေးလို ပါတယ်။ လူတစ်ယောက်ဟာ သူတော်လျှင်တော်သလို၊ သူရဲ့ ဥပမာ - Bachelar Degree မှာလိုအပ်တဲ့ ၁၂၀ Credit ၊ သုံးနှစ်အတွင်း မှာပဲဖြစ်ဖြစ် ရနိုင်လို့ရှိရင် ဘွဲ့ရနိုင်တဲ့ပုံစံမျိုးနဲ့ အဆင့်မြှင့်တင် ပေးပြီးတော့ Elective Subject တွေကိုလည်း အများကြီး ထားပေးပြီးတော့ သူတို့သင်ယူချင်တဲ့ Subject တွေကိုလည်းပဲ အများကြီး ထားပေးပြီးတော့ အဆင့်မြှင့်တင်ပေးဖို့ ကျွန်တော်ဆွေးနွေး လိုပါတယ်။ တတိယအချက်မှာတော့ သင်ကြားလေ့လာ ရေးစနစ်မှာလည်း တက္ကသိုလ် (၃)ခု မှာတော့ ကြက်တူရွေး စာကျက်တဲ့ပုံစံနဲ့အောင်ပြီး၊ သင်ကြားတဲ့ပုံစံမျိုးမဟုတ်ဘဲ နဲ့ Lecture Notes များအပြင်ပေါ့၊ ကျွန်တော်တို့ Reading Log တွေ Book တွေ၊ Disc တွေ၊ Book Review၊ Term Paper စသည်ဖြင့် ဒီသင်ကြားလေ့လာ တဲ့ပုံစံမျိုးအဆင့်မြှင့်တင် ပြီးတော့ အဲဒီအပေါ်မှာလည်းအမှတ်အများကြီးပေးပြီးတော့ သင်ကြားလေ့လာတဲ့ပုံစံမျိုးနဲ့ အဆင့်မြှင့်တင် ပေးဖို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ ပြီးတော့ စတုတ္ထ မှာလည်း လေ့လာသင်ကြားတဲ့အခါမှာ လိုအပ်တဲ့ Facility တွေပေါ့။ တက္ကသိုလ်မှာ ပြည့်ပြည့်စုံစုံ တပ်ဆင် ပေးဖို့၊ အဆင့်မြှင့် တပ်ဆင်ပေးဖို့ ကျွန်တော်ဆွေးနွေးလိုပါတယ်။ ဥပမာ - Internet ပေါ့။ Internet ဆိုရင် နိုင်ငံတကာ the biggest Library လို့ခေါ်ပါတယ်။ Website ပေါင်း billion မြောက်များစွာ ရှိပါတယ်။ ရှာရင် ရှာတတ်သလို ကိုယ်လိုချင်တဲ့ Information အချက်အလက် တွေကို လိုချင်တဲ့ အကြောင်းအရာတွေ အစုံရှိပါတယ်။ အဲဒါတွေကို လည်း အသုံးပြုနိုင်လာအောင် ကျွန်တော်တို့ ကျောင်းတွေမှာ အဆင့်မြှင့်တင်တပ်ဆင် ပေးဖို့ဆွေးနွေးလိုပါတယ်။ နိုင်ငံတကာမှာ နံရံမှာ သူတို့ Laptop, Computer ပလပ်ပေါက် ထိုးရုံလောက်နဲ့ ဒီဟာတွေကို အသုံးပြုနိုင်တဲ့အခြေအနေမှာ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း အဲဒီလိုမျိုး ဒီတက္ကသိုလ် တွေမှာ အဆင့်မြှင့်တင်ကာ ဆောင်ရွက်ပေးနိုင်ဖို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ ပြီးတော့ နံပါတ်(၅)အချက်မှာတော့

နိုင်ငံတကာကျောင်းတွေနဲ့ ဆက်သွယ်ပြီးတော့ Student Exchange ကျွန်တော်တို့နိုင်ငံကနေ သူတို့နိုင်ငံမှာလည်းသွားတက်မယ်။ သူတို့ရဲ့ ကျောင်းသားတွေကိုလည်းပဲ ဒီမှာလာတက်မယ်။ အဲဒီလိုမျိုးပုံစံနဲ့ လုပ်ပြီးတော့ Lecture, Professor, Exchange တွေလည်း လုပ်ပြီးတော့ သူ့ကို နိုင်ငံက Porfessor တွေလည်း ကျွန်တော်တို့ ဒီ ကျောင်းမှာလာသင်မယ်။ ဒီကျောင်းက Porfessorတွေလည်း သူတို့ကျောင်းမှာသွားသင်ပြီးတော့ တစ်ကျောင်းနဲ့တစ်ကျောင်း အသိအမှတ်ပြုနိုင်အောင် ဒါမျိုးကိုလည် အဆင့်မြှင် ့တင်ပေးဖို့ ကျွန်တော်ဆွေးနွေးလိုတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၅။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန် တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ဖြစ်ပါတယ်။ အခု ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော် (၁၉၈၀) ဝန်းကျင်လောက်က တက္ကသိုလ်တက်ခဲ့စဉ်တုန်းက တက္ကသိုလ်က ပါရဂူဘွဲ့ရ ဆရာတစ်ယောက်ဟာ ယခုအဆိုတင်သွင်းသူ ဆရာကြီး ဦးမြင့်ကြည်ရဲ့ တပည့်ဖြစ်ခဲ့ ဖူးပါတယ်။ ဒါ့ကြောင့် ယခုလို ဆရာကြီး ဦးမြင့်ကြည်လို လူမျိုးက မြန်မာနိုင်ငံပညာရေးစနစ်ရဲ့ တက္ကသိုလ်ပညာရေးစနစ်ရဲ့စနစ်ကို အာဆီယံအဆင် ့ ကမ္ဘာ့အဆင် ့မီအောင် ပြန်လည်ပြုလုပ်ရေး နဲ့ ပတ်သက်လို့ အဆိုတင်သွင်းတဲ့အတွက် ကျွန်တော်များစွာဝမ်းနည်းမိရပါတယ်။ ဘာကြောင့်လည်း ဆိုလို့ရှိရင် တစ်ချိန်တုံးက ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်က အာဆီယံအဆင့်တွင်မက အာရှအဆင့်မှာတောင် ထိပ်ဆုံးရောက်ခဲ့ပါတယ်။ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့ဟာ အာဆီယံအဆင့် မီအောင်တောင် ပထမအဆင် ့အနေနဲ့ ကြိုးစားဖို့ဆို တဲ့ ဆရာကြီးရဲ့အဆိုကိုတွေ့တဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ရဲ့ လျော့နည်းကျဆင်းလာတာကို ကျွန်တော် တို့ တွေ့ရပါတယ်။ ကျွန်တော်တို့ ခေတ်တုန်းက တက္ကသိုလ်

တက်ခဲ့တုံးက တက္ကသိုလ်က ကျွန်တော်တို့ရဲ့ ဆရာအများစုဟာ မဟာဘွဲ့၊ ပါရဂူဘွဲ့များကို နိုင်ငံခြားတက္ကသိုလ်များကလည်းရခဲ့ကြပါတယ်။ ဒီနိုင်ငံခြားတက္ကသိုလ်များကလည်း ကျွန်တော်တို့ မြန်မာနို င်ငံကို နိုင်ငံရေးအရ ပိတ်ဆို့မှုလုပ်ခဲ့တဲ့ အနောက်နိုင်ငံကြီးများကနေပြီးတော့ ရခဲ့ကြတာများပါတယ်။ ဒီလိုဆရာကြီးမျိုးတွေဆီကနေပြီးတော့ တပည့် ခံခဲ့တဲ့ ကျွန်တော်တို့ဟာ ဒီလိုဆရာကြီးမျိုး ဒီနေ့မြန်မာနိုင်ငံပညာရေးစနစ်မှာ ဒီလိုဆရာကြီးမျိုးတွေ မရှိတာ နိုင်ငံရေး ပိတ်ဆို့မှုရဲ့အတွက်ကြောင့် ကျွန်တော်တို့ ပညာရေးလောကရဲ့ ထိခိုက်နစ်နာမှု အကြောင်း တစ်ချက်ဖြစ်ပါတယ်။ နောက်ပြီးတော့ ပညာရေးစနစ်ရဲ့ ပုံစံပြောင်းလာတာကတော့ ကျွန်တော်တို့ခေတ်မှာ ခေတ်မီအထောက်အကူပ စ္စည်းဆိုတာ ဒီလောက် ထူးထူးထွေထွေ မရှိပါဘူး။ ကျွန်တော်တို့ခေတ်မှာ အလွန်ဆုံး Scientific Calculator လောက်ကိုဘဲ စသုံးခဲ့ တာပါ။ ကျွ န်တော်တို့ရဲ့ နောင်တော်ကြီးတွေ ခေတ်မှာဆိုလို့ရှိရင် Scientific Calculator မသုံးနိုင်ပါဘူး။ သူတို့ကဆိုလို့ရှိရင် Slide Rule ကို မျက်လုံးကြီး ပြူးပြဲနေအောင် ကြည့်ရတာပါ။ ကျွန်တော့်ခေတ်တောင်မှ Scientific Calculator နဲ့ အလွယ်တကူနှိပ် တွက်ချက်ပြီး အသုံးပြုလာနိုင်ပါတယ်။ အဲဒါမျိုးကြောင့် Scientific Calculator သုံးနိုင်တဲ့ ကျွန်တော်တို့ဟာ မသုံးနိုင်တဲ့ နောင်တော်ကြီးတွေကိုကြည့်ပြီး နောက်ကွယ်ကနေ ကျွန်တော်တို့တွေ ရယ် မောခဲ့ရ ပါတယ်။ ဒီနေ့အချိန်မှာတော့ ပညာရေးစနစ်ကလုံးဝပြောင်းလဲသွားပါပြီ။ Scientific Calculator လည်း မရှိတော့ပါဘူး။ နိုင်ငံတကာ တက္ကသိုလ်တွေထဲမှာ ကြည့်လို့ရှိရင် ကျောင်းသားတွေက စာအုပ်နဲ့ဘောပင်မရှိတော့ပါဘူး။ Laptop ကိုယ်စီ၊ ကျောင်းထဲမှာဆိုလို့ရှိရင် ဆရာတွေက computer ကိုယ်စီ၊ ကျောင်းထဲမှာ Network စနစ်၊ တက္ကသိုလ်ချင်း Network စနစ်၊ Internet စနစ်တွေနဲ့ ခေတ်မီစွာ သုံးစွဲနေကြပါပြီ။ ကျွန်တော်တို့ နိုင်ငံမှာ တက္ကသိုလ်တွေအများစုကတော့ ဒါမျိုးမသုံးနိုင်ကြပါဘူး။ ဒါကလည်း စီးပွားရေးပိတ်ဆို့မှုကြောင့် ကျွန်တော်တို့နိုင်ငံမှာလည်း ဖြစ်ပေါ် လာတဲ့ ပညာရေးထိခိုက်မှုတစ်ခုသာ မဟုတ်ခဲ့ပ ါ။ ကျွန်တော်တို့နိုင်ငံတက္ကသိုလ်တွေမှာ ဒါတွေ မရှိဘူးဆိုလို့ရှိရင် ဒါတွေရှိတဲ့ တက္ကသိုလ်က ၊ တခြားနိုင်ငံတကာတက္ကသိုလ်က လူတွေပြောလိုက်ပါ။ ကျွန်တော်တို့ကို ပြန်လည်ပြီးတော့ ရယ် မောနေမှာကတော့ သေချာပါတယ်။ ကျွန်တော်တို့ခေတ်က တက္ကသိုလ်ဆိုလို့ရှိရင်လည်း ဂျက်ဆင်ရယ်၊ သစ်ပုတ်ပင်ရယ်၊ အင်းလျားကန် ဆိုလို့ရှိရင် ကျွန်တော်တို့ တက္ကသိုလ်ပြည့်စုံပြီလို့ ကျွန်တော်တို့ ထင်ခဲ့တာပါ။ ယနေ့ ခေတ် မှာတော့ ဒါတွေနဲ့ မလုံလောက်တော့ပါဘူး။ အထက်ဖော်ပြပါ ပစ္စည်းတွေမရှိတဲ့ တက္ကသိုလ်

ဆိုလို့ရှိရင် ဒါတွေ အထက်ပါပစ္စည်းတွေဟာ တက္ကသိုလ်တစ်ခုအတွက် မရှိမဖြစ် ဖြည့်ရမယ့် ပစ္စည်းတွေဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော့် ဆရာကြီးတင်ပြတဲ့ ပါရဂူဘွဲ့နဲ့ ပတ်သက်လို့ နှစ်ပိုင်းခွဲခြား တင်ပြလိုပါတယ်။ ပထမပိုင်းကတော့ ဝိဇ္ဇာပါရဂူဘွဲ့ အတွက် ဖြစ်ပါတယ်။ ဝိဇ္ဇာပါရဂူဘွဲ့အတွက် ကတော့ ဆရာကြီး တင်ပြတဲ့အစီအစဉ်မျိုးကတော့ ပြည့်စုံလုံလောက်တယ်လို့ ကျွန်တော်လည်း ထင်မြင်ယူဆပြီး ထောက်ခံပါတယ်။ သိပ္ပံနဲ့ နည်းပညာ ပါရဂူဘွဲ့အတွက် ကျွန်တော် တင်ပြ လိုတာကတော့ ဒီနေ့ကမ္ဘာကြီးဟာ သိပ္ပ ံနဲ့နည်းပညာမှာ အလွန်လျင်မြန်စွာ တိုးတက်နေပါပြီ။ အလွန်လျ င်မြန်စွာတိုးတက်နေတဲ့ သိပ္ပံနဲ့ နည်းပညာကို ကမ္ဘာ့အဆင့်မီလိုက်ဖို့ဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ အ ခြေအနေအကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများစွာရှိလာပါတယ်။ ဒါကြောင့် သိပ္ပံနဲ့ နည်းပညာပါရဂူဘွဲ့ကို ကျွန်တော်တို့နိုင်ငံ အတွင်းမှာ အဆင့်မီအော င် မြှင့်တင်ပြီး ကြိုးစားနေမယ့်အစား သိပ္ပံနဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်ပြီး ဖြစ်တဲ့နိုင်ငံတွေကို ထူးချွန်တဲ့ကျောင်းသားတွေ စေလွှတ်ပြီးတော့ ၊ သူတို့ကနေ မဟာဘွဲ့တွေ၊ သိပ္ပံဘွဲ့တွေရယူပြီး တော့ တ စ်ဖက်က ကြိုးစားသင့်ပါတယ်။ တ စ်ဖက်ကလည်း ကျွန်တော်တို့ တက္ကသိုလ်များရဲ့ လိုအပ်ချက်ဖြစ်တဲ့ ခုနလွှတ်တော်ကိုယ်စားလှယ်တစ်ဦး တင်ပြခဲ့တဲ့ Internet စနစ်၊ Network စနစ်၊ ကျောင်းသားတိုင်းကို personal computer စနစ်၊ ကျွန်တော်တို့ ဒီတက္ကသိုလ်မှာလည်းပဲ (၂၄)နာရီ မီးစနစ်၊ နောက်ပြီးတော့ communication စနစ်တွေ ဒါတွေ အဆင့်ဆင့်ပြည့်စုံအောင် ဖြည့်ဆည်းဖို့လိုပါတယ်။ ဒီလိုပြည့်စုံအောင် အဆင့်ဆင့်ဖြည့်ဆည်းဖို့ဆိုတာလည်း ပညာရေးဝန်ကြီး ဌာနတစ်ခုတွင် မဟုတ် ပါဘူး။ နိုင်ငံရဲ့ စီးပွားရေးအပေါ်လည်း မူတည်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးပေါ်မူတည် ပြီးတော့တစ်ဆင့်ချင်း တက္ကသိုလ်တွေမှာ ဖြည့်ဆည်းနေတဲ့နည်းတူ ကျွန်တော်တို့တစ်ဖက်ကလည်း နိုင်ငံခြားကနေပြီး ကျွန်တော်တို့စေလွှတ် တဲ့ နိုင်ငံတကာအဆင့်မီ သိပ္ပံနဲ့နည်းပညာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံက စေလွှတ်တဲ့ မဟာဘွဲ့၊ ပါရဂူဘွဲ့ရတဲ့ကျောင်းသားများ ပြန်လာတဲ့အချိန်မှာ ဒီဆရာများရဲ့ အင်အားနဲ့ ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေမှာ သိပ္ပံနဲ့နည်းပညာဘွဲ့တွေကို မဟာဘွဲ့၊ ပါရဂူဘွဲ့ဖြစ်အောင် အဆင ့မြှင့်ပေး နိုင်အောင်အဆင့်မြှင့်တင်ရေး ဆောင်ရွက်ပေးသင့်တယ်လို့ပြောကြားလိုပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်တင်သွင်းတဲ့ ပါရဂူဘွဲ့ပေးသည့် တက္ကသိုလ်များ၏ အဆင့်အတန်းမြင့်မားရေးတွင် ပထမအဆင့်အနေဖြင့် အရှေ့တောင်အာရှ အဆင့်မီစေပြီး ဒုတိယအဆင့်အနေဖြင့် ကမ္ဘာ့အဆင့်မီစေရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုဖို့ သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါ့မယ်။ ဒီလိုဆောင်ရွက်ရာမှာ မတ်တတ်ရပ် ဆန္ဒမဲပေးတဲ့နည်းလမ်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် သဘောတူတဲ့ပုဂ္ဂိုလ်များ မတ်တတ် ရပ်ပေးကြပါ။ သဘောမတူတဲ့ပုဂ္ဂိုလ် တစ်ဦးပဲရှိ ပါတယ်။ အားလုံးထိုင်နိုင်ပါပြီ။ အဆိုကို အတည်ပြုရန် ထောက်ခံဆန္ဒမဲများတဲ့အတွက် ပါရဂူဘွဲ့ ပေးသည့်တက္ကသိုလ်များ၏ အဆင့်အတန်း မြင့်မားရေးတွင် ပထမအဆင့်အနေဖြင့် အရှေ့တောင်အာရှ အဆင့်မီစေပြီး ဒုတိယအဆင့် အနေဖြင့် ကမ္ဘာ့အဆင့်မီစေရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်အစည်းအဝေးကို ခေတ္တရပ်နား ပါမယ်။ နေ့လယ် (၁) နာရီအချိန်တိတိအချိန်မှာ ပြန်လည် ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့အစည်းအဝေးကို ၁၁း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ ပို့ချသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပထမနှစ်သာမက ဒုတိယနှစ် သင်တန်း၌ ပင်ရင်းမြန်မာစာ သင်ကြားပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂)မှ ဦးဝင်းမောင်က ဝိဇ္ဇာနှင့်သိပ္ပံ ဘာသာရပ်များပို့ချသော တက္ကသိုလ်၊ ဒီဂရီကော လိပ်၊ ကောလိပ်များတွင် ပထမနှစ် သာမက ဒုတိယနှစ်သင်တန်း၌ ပင်ရင်းမြန်မာစာ သင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်သုံးဦး အမည်စာရင်း တင်သွင်းထား ပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၃း၀၀။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာ ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်ကျော်ဖြစ်ပါတယ်။ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့

ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များပို့ချတဲ့ တက္ကသိုလ် ၊ ဒီဂရီကောလိပ်များမှာ ပထမနှစ်သာမက ဒုတိယနှစ် မှာပါ ပင်ရင်းမြန်မာ စာဘာသာရပ်ကို သင်ကြားပေး သင့်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးပါမယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်လို့ အတည်ပြု ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ နောက်ပြီးတော့ ဟိုး ရှေ့ယခင်က ကျွန်တော်တို့ လွ တ်လပ်ရေးအကြိုခေတ်ကာလမှာလည်း မြန်မာစာဟာ မြန်မာစကားဟာ တို့ စကား၊ တို့ဘာသာဆိုပြီးတော့ အလေး ထားဖို့ လေးစား ဖို့ ချစ်မြတ်နိုးဖို့ တို့ဗမာ အစည်းအရုံးကြီးက ဆော်ဩခဲ့ပါတယ်။ လှုံ့ဆော်ခဲ့ကြပါတယ်။ ယခုခေတ် မှာလည်းပဲ မြန်မာစာကို အများပြည်သူက ကျယ်ကျယ်ပြန့်ပြန့် အသုံးချနေကြပါတယ်။ နောက်ပြီးတော့ ရုံးသုံးစာ အဖြစ်လည်း အသုံးချနေကြရပါတယ် ။ ဒါကြောင့် မြန်မာစာဟာ ကျွန်တော်တို့နိုင်ငံမှာ အရေးပါတဲ့ အခန်းက ဏ္ဍာမှာ ရှိနေတယ်ဆိုတာကို အားလုံး သိပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားဘဝကပင် မြန်မာစာကို မှန်မှန်ကန်ကန် ရေးတတ်ဖို့ လို အပ် ပါတယ်။ အထူးသဖြင့် တက္ကသိုလ်ပညာတတ်ဘွဲ့ရ ကလေးတွေက မြန်မာစာ အရေး အဖတ်နဲ့ ပတ်သက်ပြီးတော့ မှန်ကန် ကောင်းမွန်ဖို့ဆို ပိုပြီးလွယ်လာပါတယ်။ ဒီအဆိုကို တင်သွင်းခဲ့တဲ့ မန္တလေးတို င်းဒေသကြီးက အဆိုရှင်ဟာ ဝိဇ္ဇာ သိပ္ပံတက္ကသိုလ် ဘာသာရပ်ထဲမှာ မြန်မာစာကို နှစ်ပေါင်းများစွာ သင်ကြားခဲ့တဲ့ အတွေ့အကြုံနဲ့ ဒီမြန်မာစာဟာ ကလေးတွေ အတွက် ဒုတိယနှစ် မှာလည်း တက္ကသိုလ်မှာဆက် ပြီးတော့ တင်သွင်းတယ်ဆိုတာ သူရဲ့အတွေ့အကြုံအရ တင်ထားတဲ့ အဆိုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဆက်လက်ပြီးတော့ တက္ကသိုလ်မှာ ပထမနှစ် သာမကလို့ ဒုတိယနှစ်မှာလည်း ဆက် လက်ပြီးတော့ မြန်မာစာကျွမ်းကျင် အောင် ပိုပြီးတော့ မြန်မာစာ အဆင့်မြင့်တက်လာအောင် သင်ကြားပေးသင့်ပါကြောင်း အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီးကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ဦးစောတော်ပလဲ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၄။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီး များခင်ဗျား။ ရှေးဦးစွာ မ်ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ် ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းမောင် ရဲ့ ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များ ပို့ချသော တက္ကသိုလ် ၊ ဒီဂရီကောလိပ်များတွင် ပထမနှစ်၌သာမက ဒုတိယနှစ်သင်တန်း၌ ပင်ရင်းမြန်မာစာသင်ကြားပေးရန်ဆိုတဲ့အဆိုကို တင်ပြတဲ့ အတွက်ကြောင့် သူ့ ကိုအထူးပဲ လေးစားကျေးဇူးတင်မိပါတယ်။ ဒါပေမယ့် ဥက္ကဋ္ဌကြီး ခင်ဗျား ။ ကျွန်တော့်အမြင်ကျတော့ ကျွန်တော်တို့ မြန်မာစာကို သူငယ်တန်းကနေ ပထမနှစ်အထိ သင်ကြား ပြီးခဲ့ပါပြီ။ ပထမနှစ်အထိဆိုရင် မြန်မာစာ နှင့်ပတ်သက်ပြီးတော့ လုံလောက်ပါပြီ လို့ ထင်မြင် ယူဆပါတယ်။ အရင်တုန်းက ကျွန်တော်တို့ ဝိဇ္ဇာသိပ္ပံနဲ့ ပတ်သက်တဲ့ ဘာသာရပ်တွေအတွက် ဒီဂရီရဖို့ လေးနှစ်သင်ကြားခဲ့ရပါတယ်။ အ ခု ဒီနောက်ပိုင်းမှာ (၃)နှစ်ပဲ သင်ကြားခွင့်ရှိတဲ့ အတွက်ကြောင့် ဒီဒုတိယနှစ်မှာ ပင်ရင်းမြန်မာစာတစ်ဘာသာကိုပဲ ထည့်သွင်းသင်ကြားမယ်ဆိုပါက အထူးပြု အဓိ ကဘာသာရပ်မှာ သင်ကြားချိန် နည်း သွားနိုင်ပါတယ်။ အဲဒါကြောင့်မို့ လို့ ဒီ ဒီဂရီကောလိပ်တွေမှာ ပင်ရင်းမြန်မာစာကို တစ်နှစ်သာ သင်ကြားခြင်းသည် လုံလောက်ပါပြီ လို့ ထင်မြင်ယူဆကြောင်း ဆွေးနွေးတင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး တန ်သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်မြင့် ဆွေးနွေးနိုင်ပါတယ် ။

**အချိန်၊ ၁၃း၀၆။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့်တကွ ဧည့်သည်တော်များ ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်း မောင် တင်သွင်းသွား တဲ့ ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များပို့ ချသော တက္ကသိုလ် ၊ ဒီဂရီကောလိပ်၊ ကော လိပ်များတွင်

ပထမနှစ်သာမက ဒုတိယနှစ်သင်တန်း၌ပင်၊ ပင်ရင်းမြန်မာစာသင်ကြားပေးရန် အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အလိမ္မာစာမှာရှိ ဆိုတဲ့ စကားအတိုင်း စာများများ ဖတ်ရှု လေ့လာလေ လိမ္မာရေးခြားရှိလေလေဖြစ်ပါတယ်။ စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာ ရှိသည်သာတည့် ဆိုတဲ့ ဆုံးမစကားနဲ့လည်း ညီညွတ်ပါတယ်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ ပင်ရင်းမြန်မာစာ တစ်နှစ်သင်ခွင့်ရတာထက် နှစ်နှစ်သင်ခွင့်ရရင် လူ့ စွမ်းအားအရင်းအမြစ်များ ဖြစ်တဲ့ တက္ကသိုလ်ကျောင်းသားလူငယ်များဟာ မြန်မာစာပေအပေါ် အထင်ကြီးလေးစား လာပြီးတော့ ပိုမိုပြီးတော့ လိမ္မာယဉ်ကျေးလာကြမှာ ဖြစ်ပါတယ် ။ အဲဒါကြောင့် တက္ကသိုလ် ၊ ကောလိပ်များမှာ တက္ကသိုလ်ကျောင်းသားများဟာ ပင်ရင်းမြန်မာစာကို (၂)နှစ်သင်ယူခွင့်ရပြီးတော့ မြန်မာစာအပေါ်မှာ အလေးအနက်ထား အထင်ကြီးလာတတ်စေရန်နှင့် ပိုမိုယဉ်ကျေးလိမ္မာ ကြစေရန် ရည်ရွယ်ပြီးတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့တက္ကသိုလ် ဒီဂရီကောလိပ်များမှာ ပထမနှစ်သာ မက ဒုတိယနှစ်မှာပါ ပင်ရင်းမြန်မာစာ ဘာသာရပ်ကို သင်ကြား ပေးသင့်ကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင် တင်သွင်းတဲ့ ဝိဇ္ဇာနှင့်သိပ္ပံ ဘာသာရပ်များ ပို့ချ သော တက္ကသိုလ် ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပထမနှစ်၌သာမက ဒုတိယနှစ် သင်တန်း၌ ပင်ရင်းမြန်မာစာ သင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူမတူ လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက် ရာမှာ မတ်တတ်ရပ် ဆန္ဒပြုတဲ့နည်းလမ်းကို ကျင့်သုံးမှာဖြစ်ပါတယ်။ ဒါကြောင့်အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ်များ မတ်တတ်ရပ်ဖို့ ပြောလိုပါတယ်။ ထိုင်နိုင်ပါပြီ ။ အဆိုကို အတည်ပြုရန် ထောက်ခံ ဆန္ဒမဲကများတဲ့အတွက် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များ ပို့ချသော တက္ကသိုလ် ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပထမနှစ်သာမက ဒုတိယနှစ်သင်တန်း၌ ပင်ရင်းမြန်မာ စာ သင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)၏ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး တင်သွင်းထားသည့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျန်းမာရေးကဏ္ဍတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကိုဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါက်တာစိုးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၀။**

**ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ် ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအား လုံး မင်္ဂလာပါလို့ လေးလေးစားစား နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း ဖြစ်ပါ တယ်။ကျွန်တော်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြဦးမှ တင်သွင်းထားတဲ့ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျန်းမာရေးကဏ္ဍ တွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံရန်အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်များခင်ဗျား ။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး ဝင်ငွေနည်းပါးတဲ့ နိုင်ငံစာရင်းဝင် ပါတယ်။ နိုင်ငံတော် အစိုးရအနေနဲ့တော့ လက်ရှိတိုးတက်မှု ရရှိနေတဲ့ ဘက်ပေါင်းစုံကဏ္ဍ မှာ အရှိန်အဟုန်မပျက် ဆက် လက်တိုးတက်အောင်ဆောင်ရွက်ရင်း အဓိက စိုက်ပျိုးတဲ့ နိုင်ငံကနေ စက်မှုနိုင်ငံအဖြစ်ကိုကူးပြောင်းဖို့ ကြိုးကြိုးစားစားဆောင်ရွက်နေတာ အများအသိပဲ ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်လည်းပီပြင်စွာ ပေါ်ပေါက်လာနိုင်ရန်လည်း ကြိုးစားဆောင်ရွက်နေ ကြောင်း တွေ့ရပါတယ်။ တစ် ဆက်တည်းမှာလည်း လူမှု ရေးကဏ္ဍမှာ တစ်မျိုး သားလုံး ကျန်းမာ

ကြုံခိုင်၍ ပညာရည်မြင့်မားရေးဆိုတဲ့ လူမှုရေးဦးတည်ချက်ကိုလည်း အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့ပြင် ပြည်ထောင်စုတစ်ဝှမ်း လုံးအတွက် ကွက်လပ်မရှိအောင် အရည်အသွေးမြင့်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုများကို လျင်မြန် ထိရောက်စွာ ဖော်ထုတ်နေဆဲလည်း ဖြစ်ပါတယ်။ နှစ်စဉ်ကျန်းမာရေး အသုံးစရိတ်ကိုလည်း တိုးမြှင့်သုံးစွဲလျက်ရှိပါ ကြောင်းလည်းသိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆင်းရဲမှု ကြောင့် ရောဂါဖြစ်ပွားမှုများသလို မကျန်းမာမှုကြောင့်လည်း ဆင်းရဲခြင်းပိုမို နက်ရှိုင်းပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ကျန်းမာရေးကြံ့ခိုင်တဲ့ကာယ၊ဉာဏလုပ်သားများအများအပြားရှိခြင်းအားဖြင့် ကုန်ထုတ်စွမ်းအားမြင့်မားသော ကြောင့် နိုင်ငံ တော်၏ စီးပွားရေးကဏ္ဍကိုလည်း တိုးတက်စေပါတယ်။ ကမ္ဘာ့ပညာရှင်များက စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါး မှုလျော့နည်းရေးအတွက် ဆင်းရဲတဲ့နိုင်ငံများအနေနဲ့ ကျန်းမာရေးနဲ့ ပညာရေးကို ပိုမိုရင်းနှီးဖို့ လိုအပ်ကြောင်းကိုလည်း ခံယူတဲ့အတွက်ကြောင့် ကုလသမဂ္ဂကနေပြီးတော့ ထောင်စုနှစ်ပန်းတိုင်နှင့် ရည်မှန်းချက်ကို အင်္ဂလိပ်လိုအသုံးပြုခွင့်ပြုပါ Millennium Development Goal ကို ဖော်ဆောင် ပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာနိုင်ငံ တော်အနေနဲ့ ဒီကုလသမဂ္ဂ ရဲ့ ထောင်စုနှစ်ပန်းတိုင်နဲ့ ရည်မှန်းချက်ကို လက်ခံပြီးတော့ ၂၀၀၀ပြည့်နှစ်ကစပြီးတော့ ယခုအထိအတိုင်းအတာတစ်ခုထိ ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပန်းတိုင်နဲ့ရည်မှန်းချက်ကို ပြည့်မီအောင် ဆက်လက်ပြီးတော့ အရှိန်အဟုန်မြင့်မြင့် ဆောင်ရွက်နေဆဲပဲဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာလည်း ဆင်းရဲနွမ်းပါးမှု ထက်ဝက်လျော့ကျသွားအောင် နှင့် ဆင်းရဲနွမ်းပါးတဲ့ ပြည်သူပြည်သား များ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝ လက်လှမ်းမီ ရေးအတွက်ကိုလည်း ဦးတည်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ ဆင်းရဲနွမ်းပါးသူများရဲ့ ကျန်းမာရေးနဲ့ပညာရေး တိုးတက်ကောင်းမွန်လာရေးအတွက် နိုင်ငံတစ်နိုင်ငံရဲ့ ရေရှည် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုဟာ အရေးကြီးတယ်ဆိုတာအများအသိပဲ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား ။ အဆိုရှင်တင်ပြသွားတဲ့ မြန်မာနိုင်ငံအပါအဝင် ဝင်ငွေနည်းပါးသော ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အဓိကတွေ့ကြုံရတဲ့ ကျန်းမာရေး စိန်ခေါ်မှုက အများအပြားရှိပါတယ် ။ အဲဒီအထဲမှာ (၆)ချက်သော အချို့အရေးကြီးတဲ့ စိ န်ခေါ်မှုများကို ဆွေးနွေးသွားတာ တွေ့ရပါတယ်။ အဲဒီမှာ နည်းနည်း ပြန်ပြောရမယ်ဆိုရင် ရောဂါဘယများ ထိခိုက်ဒဏ်ရာရမှုကြောင့် အသက်သေဆုံးရှုံးမှုများပြားခြင်း

မိခင်နှင့် မွေးကင်းစ ငါးနှစ်အောက် ကလေးသူငယ်များ သေဆုံးမှုများပြားခြင်း ၊ အသစ်ဖြစ်ပေါ်နေတဲ့ ကူးစက်မြန် ရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီ ၊ ခုခံအား ကျဆင်းတဲ့ ရောဂါများကို ထိန်းချုပ်ဖို့လိုအပ်ခြင်း၊ ကိုယ်ဝန်ဆောင်နှင့်ကလေးသူငယ်များ အဟာရချို့တဲ့ နေခြင်း၊ ဆေးလိပ်ဆေးရွက်ကြီးနှင့် ဆက်စပ်တဲ့ ရောဂါများနှင့် ကူးစက်မှုမရှိသေးသော ရောဂါနာတာရှည်များဖြစ်ပွားမှုများ များပြားလာခြင်းနဲ့ အစားအသောက်နှင့်ဆေးဝါးလုံခြုံမှုစိတ်ချရရေး ပြဿနာများ နှင့် ရင်ဆိုင်နေရခြင်း ဖြစ်ပါတယ်။ ဒီအချက်အားလုံးဟာ အရေးကြီးတဲ့ စိန်ခေါ်မှုပဲ ဖြစ်ပါတယ်။

ဒီနေရာမှာကြုံလို့ ကျွန်တော့်အနေနဲ့ ဆေးဝါးများလုံခြုံစိတ်ချရေး ပြဿနာကို အနည်းငယ်တင်ပြ လိုပါတယ်။ ကမ္ဘာမှာ အခုဆေးဝါး များဟာ အတော်များများ ဆေးအစစ်၊ ဆေးအတု ပြဿနာများ ပေါ်ပေါက်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဒါမျိုးတွေလည်း အများကြီးဖြစ်နေတာကို ထင်သာမြင်သာ ဖြစ်နေ တဲ့အခြေအနေလည်း ရှိပါတယ်။ ဒီကိစ္စနှင့် ပတ်သက်လို့ နို ငံငံတော်က ၁၉၉၂ ခုနှစ်မှာ ဆေးဝါး ဥပဒေကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ထုတ်ပြန်ပြီးတဲ့နောက်ပိုင်းမှာ ကျန်းမာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန လက်အောက်မှာ အစားအသောက်နှင့်ဆေးဝါးများကွပ်ကဲရေးဌာနကို စတင်ဖွင့်လှစ်ပါတယ်။ ဖွင့်လှစ်ပြီးတဲ့ နောက်ပိုင်းမှာတော့ ဒီဌာနရဲ့ ဆောင်ရွက်မှုကြောင့် ဆေးဝါးအတု ၊ ဒီဆေးဝါးအာနိသင်နည်းတဲ့ ဆေးဝါးများကို တဖြည်းဖြည်း နဲ့ ပယ်ထုတ်ရင်းကနေ အခုတော့ အခြေအနေကောင်းတဲ့ အနေအထားကို ရောက်နေပြီဖြစ်ပါတယ်။ ဆေးဝါးနှင့် ပတ်သက်တဲ့ ဖြန့် ဖြူးရေးနှင့် ဆေးဝါးနှင့် ပတ်သက်တဲ့ ကွပ်ကဲရေးဟာ အရေး ကြီးပါတယ်။ အခု ကျွန်တော်တို့နိုင်ငံမှာ ဆေးဝါးဖြန့်ဖြူးတဲ့ နေရာမှာ အားလုံးသိတဲ့ အတိုင်းပဲ လမ်းဘေးမှာ ဆေးဆိုင်တွေရှိတယ် ။ ဒီဆေးဆိုင်တွေဟာ လိုင်စင်ရှိမရှိ တစ်ချို့တွေလည်းမရှိကြဘူး ဆိုတာတွေ့ရပါတယ်။ နောက် ဆေးရောင်းတဲ့ ပုဂ္ဂိုလ်တွေဟာလည်း စီးပွားရေးသမား ၊ ဆေးဝါးကျွ မ်းကျင်တဲ့ ပုဂ္ဂိုလ်တွေမဟုတ်ပါဘူး ။ ဒါ့ကြောင့်ဒီကိစ္စနဲ့ပတ်သက်လို့ ဒီအစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာန က ဒါကို တဖြည်းဖြည်းနဲ့ ဖယ်ရှားနေကြောင်း ကိုလည်း သိရပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ကြိုဆိုပါတယ်။ တစ်ဖက်ကလည်း ဒီဆေးဝါးအတုတွေ ကို ပြည်သူလူထုတွေ အသုံးမပြုရလေ အောင် ဆေးဝါးကွပ်ကဲ စစ်ဆေးတဲ့ အတိုင်းအတာတွေကို တိုးမြှင့်ဆောင်ရွက်ဖို့ လိုပါတယ်။ အခု လောလောဆယ်အချိန်မှာ သိရသလောက်ဆိုရင် ဒီအစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေး ဌာန

မှာ လူအင်အား အနေနဲ့သော်လည်းကောင်း ၊ ပစ္စည်းအင်အားအနေနဲ့ သော်လည်းကောင်း အားနည်းချက်ရှိပါတယ်။ ဒီလိုအားနည်း ချက်ရှိတဲ့အတွက်ကြောင့် တစ်ချို့ဆေးဝါးတွေ စမ်းသပ်စစ်ဆေးတဲ့နေရာမှာ နိုင်ငံခြားပို့ပြီးတော့ စရိတ်များ အကုန်အကျခံ နေရပါတယ်။ ဒါကြောင့်မို့လို့ ဒီဆေးဝါးလုံခြုံစိတ်ချရေး ပြဿနာပြေလည်ရလေအောင် ဖြန့်ဖြူးရောင်းချတဲ့ နေရာမှာကော ကွပ်ကဲရေးဆောင်ရွက်တဲ့နေရာမှာကော ထိထိမိမိရှိဖို့ လိုအပ်ကြောင်း တစ်ပါတည်း တင်ပြလိုပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာလည်း အင်မတန်မှ အဆင့်မြင့်တဲ့ ဓါတ်ခွဲခန်း လည်းလိုပါတယ်၊ ဒီဓါတ်ခွဲခန်းတွေ မရှိခြင်းအားဖြ င့် ကျွန်တော်တို့ ဆေးဝါးကွပ်ကဲတဲ့ဌာနက မယ်မယ်ရရ ထိထိရောက်ရောက် မလုပ်နိုင် ကြောင်းလည်း ထင်ရှားပါတယ်။ ဒါကြောင့်မို့ ဒီလိုလိုတဲ့နေရာမှာ ကျွန်တော်တို့ ပိုပြီးတော့ ဘဏ္ဍာငွေကို ချပေးဖို့လိုအပ်ကြောင်း တစ်ပါတည်း တင်ပြလိုပါတယ်။ ဒီအချက် ၆ ချက်ကို ဖြေရှင်းနိုင်ဖို့အတွက်ကတော့ ဒီစိန်ခေါ်မှု တွေကို ဖြေရှင်းနိုင်ဖို့ အတွက် ကတော့ နို င်ငံတော် အစိုးရအနေနဲ့ တ စ်စိုက်မတ်မတ် ဒါတွေကို ဆောင်ရွက် နေပြီလို့ ကျွန်တော်တို့ သိရပါတယ်။ သို့သော်လည်း ပိုပြီးတော့ ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက် နိုင်အောင်ကော၊ ဖွဲ့စည်းမှုဆိုင်ရာကိစ္စများမှာကော နောက်ပြီးတော့ လူအင်အားအရင်းအမြစ် နှင့် ဘဏ္ဍာငွေတိုးချဲ့ဆောင်ရွက်ဖို့ လိုအပ်ကြောင်း တွေ့ရပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ် တော်များ ခင်ဗျား ။ ဝင်ငွေနည်းပါးတဲ့ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံ တွေမှာ သုံးစွဲနေတဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှု တန်ဖိုး (GDP)က (၂) ရာခိုင်နှုန်း (၃) ရာခိုင်နှုန်းမှာပဲ ရှိပါတယ်။ တကယ်တမ်းပြန်ပြီးတော့ လေ့လာတဲ့အခါကျတော့ တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ ဥပမာ အမေရိကန် နိုင်ငံတို့ဆိုရင် သူတို့က (၁၅) ရာခိုင်နှုန်းထက်မနည်း ကျန်းမာရေးအတွက် (GDP)ကို သုံးစွဲနေတဲ့ အနေအထားမှာရှိသလို ယူကေနိုင်ငံတို့ ပြင်သစ်နို င်ငံတို့မှာလည်း ၁၀ ရာခိုင်နှုန်းခန့်သုံးနေတာကို တွေ့ရပါတယ်။ ဒါ ပေမယ့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ (၅) ရာခိုင်နှုန်းအောက်လောက်ပဲ ရှိနေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့တော့ (၂) ရာခိုင်နှုန်း ပတ်ဝန်း ကျင်ပဲရှိပါတယ်။ ဒီလိုရှိတဲ့အတွက်ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ ပိုမိုထိထိရောက်ရောက် အောင်မြင်မှုမှာ ငွေရေးကြေးရေး အခက်အခဲရှိကြောင်းလည်း ထင်ရှားပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ အနေနဲ့တော့ (GDP) ကို ထပ်တိုးရန်လိုအပ်ကြောင်းလည်း အလေးအနက် တင်ပြလိုပါတယ်။ ကျန်းမာရေးစောင့်ရှောက်တဲ့နေရာမှာ ဆေးရုံအခြေခံ စောင့်ရှောက်တဲ့ကဏ္ဍရှိသလို ဆေးရုံပြင်ပ

ပြည်သူလူထု အခြေပြု ပြည့်သူ့စောင့်ရှောက်မှုလုပ်ငန်းများလည်း ရှိ ပါတယ်။ ဆေးရုံအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုကတော့ လူနာတွေရဲ့ ရောဂါပျောက်ကင်းမှု ၊ လူနာတွေရဲ့ရောဂါ သက်သာမှု၊ အသေအပျောက်နည်းပါးမှုဆိုတဲ့ ဒီရည်ရွယ်ချက် တွေနဲ့ပဲ ကျွန်တော်တို့ ဆောင်ရွက် ပါတယ်။ ဒီလိုထိုင်ပြီးဆေးရုံမှာ တစ်ချိန်လုံး ကုသမှုပေးနေရင်လည်း ပြီးဆုံးနိုင်မယ့် ကိစ္စလည်း မဟုတ်ပါဘူး။ ဒါကြောင့် နို င်ငံတစ်နိုင်ငံရဲ့ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ဆေး ရုံပြင်ပ ပြည်သူလူထုအခြေပြု ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ပိုမိုတွင်တွင်ကျယ်ကျယ် ဆောင်ရွက် ဖို့လိုပါတယ်။ အဲ ဒီတော့ ဒီလိုဆောင်ရွက်ဖို့ နေရာမှာ စာတမ်းအဆိုရှင်က အချက်ကြီး (၇)ချက် တင်ပြသွားတာတွေ့ရပါတယ်။ ဒီထဲမှာပဏာမ ကျန်းမာရေးစောင့်ရှောက်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံ ၊ ဆီလျော်သော လူ့စွမ်းအားအရင်းအမြစ်နှင့် အခြေခံ ကျန်းမာရေး အတွက် လိုအပ်တဲ့ ဘဏ္ဍာငွေကို လျာထားသုံးစွဲဖို့ အဆိုပြုထားသလို ခရိုင်အဆင့်မှာလည်း ပညာရှင်တွေ၊ဘွဲ့လွန်ပညာရှင်တွေ ထပ်မံတိုးချဲ့ဖို့ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးနှင့်ပတ်သက်လို့ ဘွဲ့လွန်ပညာရှင်တွေကို ထပ်ဆောင်းပေးဖို့အဆိုပြုထားတာ ကို တွေ့ရပါ တယ်။ ဒီနေရာမှာ မကြာမတင်က ကျင်းပသွားတဲ့ ဇူလိုင်လ (၂၉) ရက်နေ့ကနေ (၃၁)ရက်နေ့ အထိ ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်သွားတဲ့ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှာ ဒီကိစ္စတွေကိုလည်း ဆေးပညာရှင်ကြီးများ ၊ အထင်ကရဆရာကြီး/ဆရာမကြီးများပါဝင်ပြီး ဒါကို သုံးသပ်သွားပြီ ဖြစ်ပါတယ်။ အဲ ဒီတော့ ဒီကိစ္စနှင့်ပတ်သက်လို့လည်း လိုအပ်သလို ကျန်းမာရေးဝန်ကြီးဌာနက တင်ပြအဆိုပြုချက ် အကြံပြုချက်တွေအပေါ်မှာ ဆက်လက်ဆောင်ရွက်သွားမယ်လို့ ကျွန်တော်သိရပါတယ်။ ဆေးဝါးနဲ့ ပတ်သက် တဲ့လုံခြုံရေးကိစ္စကိုလည်း အဲဒီအလုပ်ရုံဆွေးနွေးပွဲမှာ ဆွေးနွေးထားပြီးဖြစ် လို့ လိုအပ်သလို ဆောင်ရွက်သွားမယ်လို့လည်း ကျွန်တော်နားလည်ရပါတယ်။

ဒီထဲမှာပါတဲ့ကဏ္ဍ(၇)ခုထဲက ကျွန်တော့်အနေနဲ့ နဲနဲကြုံလို့ ဆွေးနွေးတင်ပြချင်တာက ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက်နဲ့ ပတ်သက်တဲ့အခွန်ဘဏ္ဍာနဲ့ငွေပတ်သက်လို့ အင်္ဂလိပ်လို (Sin Tax)လို့ ခေါ်ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ အနည်းငယ်တင်ပြချင်ပါတယ်။ တော်တော် များများ နိုင်ငံမှာ ဒီ (Sin Tax)ကရတဲ့ အခွန်အခက တော်တော်များပြားပါတယ်။ တစ်ချို့ နိုင်ငံတွေမှာ ဒီ (SinTax) ရဲ့ တစ်ချို့တစ်ဝက်ကို ကျန်းမာရေး၊ ပညာရေးနဲ့အခြား လူမှုရေးကဏ္ဍ မှာ သုံးစွဲနေတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းမှာ

ထပ်ဆောင်းပြီးတော့ လိုအပ်တဲ့ဘဏ္ဍာ ငွေကို ရရှိရေး အတွက် တခြားနိုင်ငံလိုပဲ (Sin Tax)ရဲ့ တစ်ချို့တစ်ဝက် အခွန်ဘဏ္ဍာကိုသုံးနိုင်မယ်ဆိုရင်တော့ ပိုပြီးတော့ထိရောက်မယ်လို့ သုံးသပ်ရတဲ့ အတွက်ကြောင့် ဖြစ်နိုင် တာလည်း ဒီ (SinTax)ကို ကျန်းမာရေး ၊ ပညာရေးနှင့် အခြားလူမှုရေး ကိစ္စတွေမှာ သုံးနိုင်ဖို့အဆိုတင်ပြ အပ်ပါတယ်။ ဒါအဆိုရှင်ကလည်း တင်ပြလို့ ကျွန်တော့်အနေနဲ့ လေးလေးစားစား ထောက်ခံခြင်း ပဲဖြစ်ပါတယ်။ နောက်တစ်ခုကတော့ GDP၊ ကျွန်တော်တင်ပြ ခဲ့သလိုပဲ GDP က ကျွန်တော်တို့ ဆင်းရဲတဲ့နိုင်ငံတွေမှာ ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ (၂) ရာခိုင်နှုန်းပဲ ရှိပါတယ်။ ကမ္ဘာ့အဆင့်ကနေသတ်မှတ်တဲ့ ဒီဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဟာ အခြေခံလွှမ်းခြုံမှုရနိုင် ဖို့အတွက်က (၁၂) ရာခိုင်နှုန်း သုံးလောက်တယ်လို့ အကြံပြုထား တာ ကြောင့် ကျွန်တော်တို့ အနေနဲ့ ဒီ (၁၂) ရာခိုင်နှုန်းရောက်ဖို့အတွက်ဟာ တော်တော်လည်း အလှမ်းဝေးနေပါသေးတယ်။ သို့သော်လည်းပဲပိုမို၍ ဒီ ၁၂ ရာခိုင်နှုန်း မရောက်ခင် စပ်ကြားမှာ ကျွန်တော်တို့ရဲ့ GDP ရဲ့ (၂) ရာခိုင်နှုန်းအစား ပိုမိုပြီးတော့သုံးစွဲမယ်လို့ဆိုလို့ရှိရင် ပိုမိုထိရောက် မယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့ အဆိုရှင် တင်ပြသွားတဲ့ ကျန်းမာရေး ကဏ္ဍ ဘဏ္ဍာငွေအား အနည်းဆုံး GDP ရဲ့ (၅)ရာခိုင်နှုန်း သို့မဟုတ် (၅)ရာခိုင်နှုန်းထက်တိုးမြှင့် သုံးစွဲဖို့ တင်ပြထားတာကိုလည်း ကျွန်တော့် အနေနဲ့ အလေးအနက်ထောက်ခံပါတယ်။

လွှတ်တော်ဥက္ကဋ္ဌ ကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ် များ ခင်ဗျာ။ နိုင်ငံတော်အစိုးရ အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ထိထိရောက်ရော က်ဆောင်ရွက်နိုင်ရန် သင့်တော်တဲ့ ဖွဲ့စည်းပုံ၊ ဆီလျော်သော လူစွမ်းအား အရင်း အမြစ်နဲ့ အခြေခံကျန်းမာရေးအတွက် လိုအပ်တဲ့ ဘဏ္ဍာငွေကို လျာထားသုံးစွဲသင့်ပြီးတော့ နို င်ငံတော်တစ်ဝန်းမှာ အစားအသောက် နဲ့ဆေးဝါး လုံခြုံ စိတ်ချ ရမှုလုပ်ငန်းတွေနဲ့ ပတ်ဝန်းကျင်ကျန်း မာရေး ပြည် သူ့ ကျန်းမာရေး ဓါတ်ခွဲခန်း များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက်ကို တိုးချဲ့ဆောင်ရွ က်ဖို့လိုကြောင်း သာဓက တွေ့ရှိနေပါပြီ။ သို့ပါသောကြောင့် လုံလောက်သော ဘဏ္ဍာငွေ လျာထားသုံးစွဲရန် ကျွန်တော့်အနေနဲ့ အဆိုရှင် ရဲ့အဆိုကို ထောက်ခံ ဆွေးနွေးပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ နိုင်ငံတော်အစိုးရအနေနဲ့ အထက်ပါလုပ်ငန်း အစီအစဥ်များ ပြည့်ပြည့်ဝဝအကောင်အထည် ဖော်ဆောင်နိုင်လျှင် နိုင်ငံသူနိုင်ငံသားများ အတွက် ကျန်းမာရေးအဆင့်ပိုမိုမြင့်မားလာပြီး ဆင်းရဲ နွမ်းပါးမှုကလည်း လျော့နည်းသွားမှာဖြစ်ပါတယ်။ လူတစ်ဦးချင်းရဲ့ စီးပွာရေးနဲ့လူမှုရေး ကို မြင့်မားလာဖို့ နိုင်ငံတော် စီးပွားရေးနှင့် လူမှု ရေးကဏ္ဍတိုးတက်လာမယ်လို့ အဆိုရှင်က

ယုံကြည်သလို ကျွန်တော်လည်း အလေးအနက် ယုံကြည်တဲ့အတွက်ကြောင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြဦး အဆိုပြုတဲ့ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍတွင် တိုးမြှင့်ရင်းနှီးမြှု ပ်နှံရန် အဆိုကို အလေးအနက်ထောက်ခံအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၂၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး တင်သွင်းတဲ့ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေး အတွက် ကျန်းမာရေးကဏ္ဍတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ /မတူ လွှတ် တော်ရဲ့အဆုံးအဖြတ် ရယူမှာဖြစ်ပါ တယ်။ ဒီလို ဆောင်ရွက်ရာမှာ မတ် တတ်ရပ် မဲပေးတဲ့စနစ်ကို အသုံးပြု မှာဖြစ်တဲ့အတွက် အဆိုကို ထောက်ခံတဲ့ ပုဂ္ဂိုလ်များ မတ်တတ်ရပ်ပြပါ။ အားလုံးထိုင်နိုင်ပါပြီ။

အဆိုကိုလွှတ်တော် ကိုယ်စားလှယ် အားလုံးက ထောက်ခံသည့်အတွက် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍ တွင် တိုးမြှင့် ရင်းနှီး မြှုပ်နှံရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို လွှတ်တော် က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)၏ ဆင်းရဲမှုလျှော့နည်း ပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါက်တာမြဦး တင်သွင်းထားသည့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်

ကိုယ်စားလှယ်(၂) ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၈) မှ ဒေါက်တာခင်မောင်လေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၈။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တ ကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများနဲ့ ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆ န္ဒနယ်အမှတ်(၉) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာမြဦး တင်သွင်းသွားတဲ့ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးရေးအတွက်ကျေးလက်ဒေသကျန်းမာရေး စောင့်ရှောက်မှုတိုးမြှင့်ဆောင်ရွက်ရန်ဆိုတဲ့ အဆိုကိုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့အပိုင်းကို ကြည့်မယ်ဆိုရင် တိုက်နယ်ဆေးရုံအဆင့် ကျေးလက်ကျန်းမာရေးဌာနအဆင့်၊ ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်ရယ်ဆိုပြီးတော့ အဆင့် (၃)ဆင့် ရှိပါတယ်။ တိုက်နယ်ဆေးရုံအဆင့်မှာ တိုက်နယ်ဆရာဝန်များ၊ သူနာပြုဆရာမများနဲ့ ကြီးကြပ်(၁)၊ ကျန်းမာရေးကြီးကြပ်(၁)အပါအဝင် ဝန်ထမ်းများ ၊ ကျေးလက်ကျန်းမာရေးဌာနအဆင့် မှာဆိုလို့ရှိရင် ကျန်းမာရေးမှူး၊ ကျန်းမာရေးကြီးကြပ်အဆင့်(၂)၊ သားဖွားဆရာမများ၊ ကျေးလက် ကျန်းမာရေးဌာနခွဲအဆင့်မှာဆိုလို့ရှိရင် သာဖွားဆရာမများ ပါဝင်ပါ တယ်။ အဲဒီအထဲမှာ အမျိုးသမီး ကျန်းမာရေးဆရာမများကတော့ ရှိတဲ့နေရာမှာရှိပြီးတော့ မရှိတဲ့နေရာလေးတွေလည်း အနည်းအပါးရှိနေသေးတယ်ဆိုတာ ရှိပါတယ်။ အဲဒီတော့ ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ပြန်ပြီးတော့လေ့လာကြည့် မယ်ဆိုရင် ကျန်းမာရေး မြှင့်တင်ရေးနှင့် ပတ်သက်ပြီးတော့ ပညာပေးလုပ်ငန်းများ ၊ ကျောင်းကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများ၊ ကာကွယ်ရေး အပိုင်းနဲ့ ပတ်သ က်ပြီးတော့ ကာကွယ်ဆေးထိုးလုပ်ငန်းများ ၊ ပတ်ဝန်း ကျင်သန့်ရှင်းရေးလုပ်ငန်းများအပါအဝင် ကုသရေးအပိုင်းဆိုလို့ရှိရင်လည်းပဲ တွေ့ရှိရောဂါများ ကုသရေးနဲ့ စီမံချက်စီမံကိန်းကြီးများ ဖြစ်တဲ့ တီဘီရောဂါတိုက်ဖျ က်ရေး၊ အနာကြီး ရောဂါတိုက်ဖျက်ရေးတို့နဲ့ ပတ်သက်လာလို့ရှိရင်လည်းပဲ ကျေးလက်ဒေသလူထုအတွက် ကျေးလက်ကျန်းမာရေးဌာနများက တာဝန်ယူဆောင်ရွက်နေတဲ့ အပိုင်းလည်း ရှိပါတယ်။ အောက်ခြေ

အနိမ့်ဆုံးမှာဖြစ်တဲ့ ကျန်းမာရေးဌာန အခေါ်အားဖြင့် ပြော မယ်ဆိုလို့ရှိရင် ရှေ့တန်းတိုက်စစ်မှူးများဖြစ်တဲ့ ပြ ည်သူလူထုနဲ့ထိပ်ဆုံးမှာစပြီးထိတွေ့နေရတဲ့ ပုဂ္ဂိုလ်များကတော့ သားဖွား ဆရာမများပဲဖြစ်ပါတယ်။ ဒီကျေးလက်ဒေသကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းမှာ ပါဝင်စောင့်ရှောက်နေကြတဲ့ ဒီပုဂ္ဂိုလ်များဟာ တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြလို့ လည်းပဲ ကျွန်တော်တို့နိုင်ငံရဲ့ကျန်းမာရေးသမိုင်း မှတ်တိုင်ဖြစ်တဲ့ ကျောက်ကြီးရောဂါ ပပျောက်ရေးလုပ်ငန်း၊ ပိုလီယိုရောဂါနဲ့ အနာကြီးရောဂါ ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်ကနေပြီးတော့မှ ကင်းဝေးသွားတဲ့ မှတ်တိုင်အထောက်အထားများလည်း ဒီပုဂ္ဂိုလ်တွေရဲ့ တက်ညီလက်ညီ ဆောင်ရွက်ခဲ့တာ သမိုင်းမှတ်တိုင်အထင်ရှားဘဲဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ ဒီလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ရှေ့တန်းတိုက်စစ်မှူး အနေနဲ့ဆိုရင် သားဖွားဆရာမလေးများ ကျတဲ့အခါကျတော့ စီမံချက်ပေါင်းစုံ ဒီကြားထဲမှာလည်းပဲ ခုနပြောတဲ့ ကိုယ်ဝန်ဆောင်မိခင်ကလေး မွေးဖွားခြင်းနဲ့ မိခင်နှင့်ကလေး စောင့်ရှောက်မှု လုပ်ငန်းတွေမှာပါ ပူးတွဲပြီး ဆောင်ရွက် ရတဲ့အခါ ကျတော့ နိုင်ငံတကာ ကနေပြီးတော့ ကျွန်တော်တို့ နိုင်ငံရဲ့ အနီရောင်ဝတ် သားဖွားဆရာမလေးများ ကို အနီရောင်ဝတ် နတ်မိမယ်လေးများ (Red An gel)လို့ ကင်ပွန်းတပ် ခြင်းခံခဲ့ရပါတယ် ။ ကျွန်တော်တို့ နိုင်ငံ တော်ကနေပြီးတော့ ကျန်းမာရေးစော င့်ရှောက်မှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ကျန်းမာရေးဌာနတွေ၊ ဝန်ထမ်းတွေတိုးချဲ့ပြီးတော့ လုပ်ကိုင်နေတာများလည်း တွေ့ရှိရပါတယ်။

သို့သော်ငြားလည်းပဲ လစ်လပ်များတဲ့နေရာတွေမှာ ဝန်ထမ်းများလစ်ဟင်းခြင်း၊ တိုးချဲ့ထားတဲ့ ကျန်းမာ ရေးဌာန အဆောက်အအုံတွေမှာလည်းပဲ ဝန်ထမ်းများ လိုအပ်နေသေးခြင်းများရှိသကဲ့သို့ အောက်ခြေအဆင့်မှာရှိတဲ့ သားဖွား ဆရာမလေးများနဲ့ ပတ် သက်တဲ့အပိုင်းမှာတော့ ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ပေးတဲ့ အနေအထားဟာ အလွန်အမင်း လိုအပ်လျက်ရှိပါတယ်။ အဲဒီတော့ သားဖွားဆရာမလေးများဟာ ကျေးလက်မှာနေတဲ့ ရပ်ရွာလူကြီးများရဲ့ အိမ်မှာသော်လည်းကောင်း၊ သို့တည်းမဟုတ် ဆီလျော် တဲ့ သမဝါယမဆိုင် ခန်းဟောင်းများ နေရာတွေမှာလည်းကောင်း၊ ရပ်ရွာကျေးရွာလူကြီးစီစဉ်ပေးတဲ့ သင့်တင့်တဲ့ အိမ်များပေါ်မှာလည်းကောင်း ဆေးပေးခန်းများကိုဖွင့်ပြီးတော့ ဆောင်ရွက်နေရတဲ့ အနေအထားမျိုးရှိပါတယ်။ ယခု နိုင်ငံတော်အနေနဲ့ ကျေးလက်ဆေးပေးခန်းများကို သားဖွားခန်းများအပါအဝင် ဆောင်ရွက်ပေးနေတယ်လို့ တ စ်စွန်းတစ်စကြားသိရသော်လည်းပဲ တကယ့်တ ကယ်တော့ အမှန်တကယ် အောက်ခြေအဆင့်ဖြစ်တဲ့ ကျေးလက်ကျန်းမာရေး ဌာနခွဲအဆင့် ဆေးပေးခန်းများ ဟာ ကျွန်တော်

ခုနတင်ပြထားတဲ့ အတိုင်းပဲ ဆက်လက်ရှိနေပါသေးတယ်။ နောက်တစ်ချက် အားဖြင့်ဆိုရင် သားဖွားဆရာမလေးများဟာ ကလေးမွေးဖွား ခြင်းနဲ့ ကိုယ်ဝန်ဆောင် မိခင်စောင့်ရှောက်ခြင်း လုပ်ငန်းများအပြင် စီမံကိန်းစီမံချက် လုပ်ငန်းများ ပါ ပူးတွဲထမ်းဆောင်ရတဲ့အခါကျတော့ ဒီနေရာမှာ သူတို့လုပ်ငန်း ကို တိုးချဲ့ ကူညီဖို့အတွက် ကျန်းမာရေးကြီးကြပ်(၂) ဝန်ထမ်းများဟာ လည်းပဲ ဝန်ထမ်းဦးရေတိုးချဲ့ပြီးတော့ ဖြစ်နိုင်မယ်ဆိုလို့ရှိရင် ကျန်းမာ ရေးဌာနခွဲအဆင့်အထိ တိုးချဲ့ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ထောင်စုနှစ်များ ရည်မှန်းချက်ထဲ မှာပါဝင်တဲ့ မွေးကင်းစ မိခင်ကလေးတွေရဲ့ ကျန်းမာရေး အဆင့်အတန်းတွေဟာလည်းပဲ ဒီထက်ပြီးတော့ ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ် ။ ဒါတွေဟာလည်းပဲ ကျန်းမာရေး စောင့်ရှောက်မှု၊ ကျေးလက်ဒေသကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းမှာ အင်မတန်မှ အရေးကြီးတဲ့အပိုင်းများ ဖြစ်ပါတယ်။ ဒါ ကြောင့်မို့လို့ ကျွန်တော်သည် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း တိုးမြှင့်ရေးဆိုတဲ့အဆိုကို လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၃။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေ သကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦး ရဲ့ ဆင်းရဲမှုလျှော့ နည်းပပျောက်ရေးနှင့် စီးပွားရေးဖွံ့ ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသကျန်းမာရေး စောင့်ရှောက်မှုတိုးမြှင့် ဆောင်ရွက်ရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ထောက်ခံဆွေးနွေးမှုကို ဖတ်ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ၊** ။ ခွင့်ပြုပါတယ်။

**ဦးစတီဖင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ လူဦးရေ (၇၀)ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသတွင် နေထိုင်ကြပြီး များသောအားဖြင့် တောင်သူလယ်သမားများ ဖြစ်နေကြသည်ကို တွေ့ရမှာဖြစ်ပါတယ်။ ၎င်းတို့ လုပ်ကိုင်သော စိုက်ပျိုးရေးလုပ်ငန်းအပေါ် တစ်ပြည်လုံးအတိုင်းအတာဖြင့် မှီခိုစားသောက် နေရပါတယ်။ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်ရင်မြင့်သလို ကုန်ထုတ်လုပ်မှု တိုးတက်ပြီး နိုင်ငံတော် အတွက် အကျိုးသက်ရောက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနဲ့ UNDP တို့ပူးပေါင်းထုတ်ပြန်ထားတဲ့စာတမ်းအရ မြန်မာပြည်၏ ဆင်းရဲမွဲတေမှုဟာ (၃၂) ရာခိုင်နှုန်းရှိကြောင်းကိုတွေ့ရမှာ ဖြစ်ပါတယ်။ အိမ်ထောင် စုများ၏ စားဝတ်နေရေးအခြေအနေ၊ တစ်ဦးချင်း ဝင်ငွေအနိမ့်ဆုံးလိုအပ်မှုပမာဏအပေါ် မူတည်ပြီး (Boundary Line)သတ်မှတ်လေ့ရှိပြီး၊ အပြည်ပြည်ဆိုင်ရာ စံညွှန်းများအရ တစ်နေ့ ဝင်ငွေပျမ်းမျှ အမေရိကန်ဒေါ်လာ (၂)ဒေါ်လာထက်နိမ့်ရင် (Boundary)အဆင့်သို့ ရောက်ရှိပြီး တစ်နေ့ပျမ်းမျှ အမေရိကန်ဒေါ်လာ (၁)ဒေါ်လာထက်နိမ့်ရင် (Extreme Boundary) ဟုလည်းကောင်း သတ်မှတ်လေ့ရှိပါတယ်။ မြန်မာနိုင်ငံတော် အစိုးရအနေနဲ့ ၂၀၁၅ ခုနှစ်တွင် (၃၂)ရာခိုင်နှုန်းမှ (၁၆)ရာခိုင်နှုန်းထိ လျှော့ ချရန် စီမံချက်ရေးဆွဲပြီး အချက် (၈)ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကို ဝမ်းသာမိပါတယ်။ မြန်မာပြည်အတွင်း ပြည်နယ် /တိုင်းဒေသကြီး (၁၄)ခုအနက် ချင်းပြည်နယ်သည် ဆင်းရဲမွဲတေမှု အမြင့်ဆုံး (၇၃.၃)ရာခိုင်နှုန်း ဖြစ်နေရတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အလွန်ပင် ဝမ်းနည်းစရာကောင်းပါတယ်။ အဲဒါကြောင့် ကျွန်တော့် အနေနဲ့ ချင်းပြည်နယ်ကို အခြေခံပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဟာ အဘယ့် ကြောင့် ဆင်းရဲမွဲတေမှု အမြင့်ဆုံး ဖြစ်ရတာလည်းဆိုတဲ့အချက်ကို သုံးသပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ချင်းပြည်နယ်တွင် မြေပေါ်မြေအောက် သယံဇာတ မထွက်ရှိခြင်းကြောင့် အစိုးရအဆက်ဆက်မှ စိတ်ဝင်စားမှု၊ အာရုံစိုက်မှု၊ ကူညီပံ့ပိုးမှု၊ စေတနာထားမှု အားနည်းနေခြင်းကြောင့် မေ့ပစ်ထားသောဒေသ ပြည်နယ်တစ်ခုလို ဖြစ်နေရတာ ကို ခံစားရပါတယ်။ တောင်သူလယ်သမားများအနေဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်ကိုပဲကျင့်သုံးပြီး တစ်နှ စ်လုပ်ငန်းအပေါ် ဝမ်းစာဖူလုံမှု မရှိခြင်းကြောင့် နှစ်စဉ်နဲ့အမျှ ဝမ်းစာအတွက် ဒုက္ခရောက် နေကြတာကို ကျွန်တော်တို့ ပြည်နယ်အတွင်း အချင်းချင်းပဲ သိရှိတာဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရာတွင် စာရွက်ပေါ်တွင် သာမက

လက်တွေ့အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ ကျေးရွာလူထုများအား ငွေရေး ကြေးရေး အင်အားဖြင့်လည်းကောင်း၊ မိမိစိုက်ပျိုးချင်သော သီးနှံအပေါ် နိုင်ငံတော်နှင့် NGO, INGO မှလည်း ငွေအရ င်းအနှီးချေးငွေထုတ်ပေးနိုင်ရေးကို အထူးလိုအပ်မှာဖြစ်ပါတယ်။ ဒါမှ သာ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်မှာ ဖြစ်ပါတယ်။ ယခုအချိန်တွင် ချင်းပြည်နယ်တစ်ခု လုံး ကျေးရွာများကိုကြည့်မယ်ဆိုရင် အလုပ်လုပ်နိုင်သော လူ ငယ်လူရွယ်များအနေဖြင့် ချင်းပြည် နယ်တွင် အလုပ်လုပ်ကိုင်ရန် လုံးဝအခြေအနေမရှိတဲ့အတွက်ကြော င့် ပြည်ပနိုင်ငံများသို့ နည်း မျိုးစုံဖြင့် အလုပ်လုပ်ရန် ထွက်ခွာ သွားကြသည်ကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ကျေးရွာများတွင် သက်ကြီးရွယ်အိုများ၊ ကျောင်းသူကျောင်းသားလေးများသာ များသောအားဖြင့် ကျန်ရစ်ခဲ့ကြောင်းတွေ့ရပါတယ်။ အဲဒါကြောင့် ကျန်ရှိနေသောပြည်သူလူထု များ ကျန်းမာရေး စောင့်ရှောက်မှုက အဓိကကျ နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်အတွင်း အစိုးရမှ ဖွင့်လှစ်ပေးသော ကျန်း မာရေးဌာနအနေဖြင့် တိုက်နယ်ဆေးရုံ (၁၅)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၅၇)ခု၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်ရေးဌာန(၉)ခု ဖွင့်လှစ်ပေးခဲ့သော်လည်း ရှိသ င့်ရှိထိုက်သော ဆရာဝန်၊ ဆရာမများအနေဖြင့် ပြည့်စုံမှုမရှိကြောင်းကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ သားဖွား ဆရာမ ရှိသင့်သောဦးရေ(၃၄၉)ဦးအနက် (၃၀၄)ဦးသာ ခန့်ထားနိုင်ပြီး သူနာပြုနဲ့ သားဖွားဆရာမ နှစ်ရပ်ပေါင်း ရှိသင့် ဦးရေ (၁၂၈၄) ဦးအနက် (၆၇၁)ဦးသာ ခန့်ထားနိုင်တာကို တွေ့ရှိရပါတယ်။ လစ် လပ်မှုများစွာရှိနေကြောင်းတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ချင်းပြည်နယ် ကျေးလက် ဒေသ တောင်သူလယ်သမားများဟာ ကျန်းမာရေး စောင့်ရှောက်မှု အလွန်အားနည်းနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုဟာ ဆက်စပ်မှုရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ မြန်မာပြည်တစ်ပြည်လုံး တိုင်းနှင့်ပြည်နယ် အသီးသီးမှာလည်း ဒီလိုပုံစံနဲ့ဖြစ်နေတယ်လို့ပဲ ကျွန်တော်သုံးသပ်မိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းတဲ့အခါမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အားနည်းမှာဖြစ်ပြီး ဆင်းရဲမွဲတေမှု လျှော့နည်းမှုကြိုးပမ်းရာတွင် ထိရောက်မှုရှိမှာ မဟုတ်ပါ။ ယခုချင်းပြည်နယ်တွင် ကျေးရွာဒေသတွင် ကျန်း မာရေးစောင့် ရှောက်မှု အားနည်းနေလျှ င် ချင်းပြည်နယ်ရဲ့ ဆင်းရဲမွဲတေမှု (၇၃.၃)ရာခိုင်နှုန်းကို လျှော့ချနိုင်ရန် အလွန်ပင်ခက်ခဲ မှုရှိမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆင်းရဲမွဲတေမှု လျှော့ ချရေးတွင် အစိုးရမှ ချမှတ်ထားသော အချက် (၈)ချက်အပေါ် ဆောင်ရွက်ရာ၌ ကျေးလက်ဒေသ တောင်သူလယ်သမားတို့ဟာ အဓိက ကဏ္ဍမှာ ပါဝင်နေရမှ

ဖြစ်သောကြောင့် ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှုအား ငွေအင်အား၊ လူအင်အား၊ ပညာအင်အား၊ အဆောက်အဦအင်အား၊ စေတနာအင်အား၊ အနစ်နာခံအင်အားစသည့် အင်အားများဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်မှ သာ ပို မိုထိရောက်အောင်မြင်မည် ဖြစ်ပါ ကြောင်း ပဲခူးတိုင်း မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦးရဲ့ အဆိုကို ထောက်ခံရင်း နိဂုံးချုပ်အပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာမြဦး တင်သွင်းတဲ့ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက် ရေးအတွက် ကျေးလက်ဒေသ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မတ်တတ်ရပ်ဆန္ဒပြုခြင်းကို ဆော င်ရွက်မှာဖြစ်တဲ့အတွက် အဆိုကို ထောက်ခံတဲ့ ကိုယ်စားလှယ်တော်များ မတ်တတ်ရပ်ပါ။ ထိုင်နိုင်ပါပြီ။ အဆိုကိုအတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ထောက်ခံတဲ့အတွက် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေအား ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၄၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေအား ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်း ရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ်

တင်သွင်းလိုကြောင်း အမျိုး သားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးရှုမောင် က တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၁။**

**ဦးရှုမောင်ဇ်ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်၈)။** ။လေးစားအပ်ပါသောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာ ပါခင်ဗျား။ ကျွန်တော်ဒီနေ့ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းဖို့အတွက် တို က်တွန်းကြောင်း အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်တို့ အမျိုးသား လွှတ်တော်ရဲ့ ပြည်သူ့ ငွေစာရင်းကော်မတီမှာ အဖွဲ့ဝင်များညှိနှိုင်းဆွေးနွေးပြီးတော့ ကိုယ်စား ကျွန်တော် တင်သွင်းခြင်း ဖြစ်ပါတယ်။ တင်သွင်းတဲ့အခါမှာ အချို့ စာလုံးစာသားများကို အင်္ဂလိပ် လိုစကားနဲ့ပါ ထည့်သွင်း တင်ပြလိုပါတယ်ခင်ဗျား။

မြန်မာနိုင်ငံ ဟိုတယ်နှ င့်ခရီးသွားလာရေးဝန်ကြီးဌာနက စီမံ ခန့်ခွဲတဲ့ ဥပဒေတစ်ခုပဲရှိ ပါတယ်။ ဒီဥပဒေဟာ ၁၉၉၀ ခုနှစ်က ပြဋ္ဌာန်းထားခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ သို့သော် ၁၉၉၃ ခုနှစ် မှာ ထပ်မံပြီးတော့ အသစ်ပြဋ္ဌာန်းပြီး ၁၉၉၀ ခုနှစ်က ဥပဒေကိုပယ်ဖျက်ခဲ့ပါတယ်။ ဒီ ၁၉၉၃ခုနှစ် ဥပဒေကိုလေ့လာတဲ့အခါမှာ အခန်းပေါင်း(၁၃)ခန်းနဲ့ စာပိုဒ် ဥပဒေပေါင်း (၃၂)ခု ပါဝင်ကြောင်း တွေ့ရှိပါတယ်။ အခုကျွန်တော်တို့ မြန်မာနိုင်ငံမှာဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဟာ ပေါ်ပေါက်ခဲ့တာ သိပ်မကြာသေးပါဘူး။ သို့သော်လည်း ပဲ မကြာမတင်သော ကာလက မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဘုတ်အဖွဲ့၊ မြန်မာ Tourism Board ကို ကျွန်တော်တို့ ဖွဲ့စည်းပြီးတော့ ထူထောင်ထားပြီးဖြစ် တဲ့ အတွက်ကြောင့် ဒီမြန်မာ Tourism Board ခေါ်တဲ့ မြန်မာ့ခရီးသွားလာရေး ဘုတ်အဖွဲ့မှာ ဟိုတယ်လုပ်ငန်းရှင်ကြီးများ၊ ခရီးသွားလုပ်ငန်းရှင်ကြီးများ၊ စားဖိုမှူးအသင်းဝင်ပုဂ္ဂိုလ်များ၊ အမှတ်တရပစ္စည်းရောင်းဝယ်တဲ့ပုဂ္ဂိုလ်များ၊ သယ်ယူပို့ဆောင် ရေးလုပ်ငန်း လုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်များ၊ စားသောက်ဆိုင်အသင်းပုဂ္ဂိုလ်များစတဲ့ စီးပွားရေး လုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ပုဂ္ဂိုလ် အများအပြား ပါဝင်ဖွဲ့စည်းထားတာ တွေ့ရှိရပါတယ်။

ဒီစီးပွားရေးလုပ်ငန်းများပါဝင်တဲ့ မြန်မာ့ဟိုတယ်ခရီးသွားလာရေးဘုတ်အဖွဲ့ကို မြန်မာ့ ဟိုတယ်ခရီးသွားလာရေး ဥပဒေမှာ အခန်းကဏ္ဍတစ်ခုအနေနဲ့ ထည့်သွင်းဖွဲ့စည်းသင့်တယ်လို့

ကျွန်တော်တို့ ယူဆပါတယ်။ ဒီလိုထည့်သွင်းခြင်းအားဖြင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ ကြီးမားစွာပါဝင်ခွင့်ရမယ်ဆိုရင် နိုင်ငံတော်ရဲ့စီးပွားတိုးတက်မှုလည်း မျက်နှာစာသစ်ကနေ ထောက်ကူရာရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ခရီးသွားလာမှုနဲ့ ဆက်နွယ်နေတဲ့ စီးပွားရေး လုပ်ငန်းများကို မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေမှာ ထည့်သွင်း ဖော်ပြဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ဒီခရီးသွားလာရေးနဲ့ ဆက်စပ်နေတဲ့ စီးပွားရေး လုပ်ငန်းများကြောင့် တိုင်းပြည်စီးပွားရေး တိုးတက်မှုကို ခံစားနေရတဲ့ နိုင်ငံတွေဟာ အနောက်နိုင်ငံအများစု ဖြစ်ပါတယ်။ ကျွန်တော်တို့ အာရှနိုင်ငံတွေမှာလည်းပဲ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုးရီးယားသမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံ စတဲ့နိုင်ငံတွေဟာ ခရီးသွား လုပ်ငန်းကနေ ဝင်ငွေ အမြောက်အမြားရရှိနေတာကို ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ အထူးသဖြင့် စင်္ကာပူနိုင်ငံ လိုမျိုးနိုင်ငံဟာခရီးသွားလုပ်ငန်းကနေ ဝင်ငွေအမြောက်အများရရှိပါတယ်။ ဆိုလိုတဲ့ အဓိပ္ပါယ် သည် ခရီးသွားလုပ်ငန်းတစ်ခုတည်းမဟုတ်ဘဲနဲ့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ ခရီးသွား လုပ်ငန်းဘုတ်အဖွဲ့ထဲမှာပါဝင်တဲ့ သယ်ယူပို့ဆောင်ရေး၊ စားသောက်ဆိုင်များ၊ စားဖိုမှူးကြီးများ စတဲ့ လုပ်အားပေါင်း ၊ စီးပွားရေးလုပ်ငန်းများစွာ ကျွန်တော်တို့ ပါ ဝင်ခံစားရတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီနေရာမှာ ဟိုတယ် နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတစ်ခုတည်းနဲ့ ဒီလုပ်ငန်းတွေကို အောင်မြင်အောင်ဆောင်ရွက်ဖို့ အခက်အခဲရှိပါတယ်။ အဲဒီတော့ ဒီဝန်ကြီးဌာန တစ်ခုတည်းနဲ့ဆောင်ရွက်လို့မရတဲ့နေရာမှာ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ အထောက်အကူ လည်း အများ ကြီးလိုပါတယ်။ အခြား ဝန်ကြီးဌာနများရဲ့ ကူညီပံ့ပိုးမှုများလည်း အများကြီး လိုအပ်ကြောင်း ကျွန်တော်တို့သုံးသပ်တွေ့ ရှိရမှာ ဖြစ်ပါတယ်။ အမှန်အားဖြင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဥပဒေကို ကြီးမား တဲ့မူဝါဒများ ပြုပြင်ပြောင်းလဲဖို့ မလိုအပ် ကြောင်း ကျွန်တော်တို့ သုံးသပ်တွေ့ရှိပါတယ်။ ဒီ ဝန်ကြီးဌာနနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင် စီးပွားရေး သမားများဟာလည်း အပြန်အလှန် လေးစားချစ်ကြည်မှုနဲ့ ပြေလည်စွာ ဆက်ဆံဆောင်ရွက်နေတဲ့ အခြေအနေရှိပါတယ်။ ဒါ့ကြောင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အထူးသဖြင့် ခရီးသွား လုပ်ငန်း ကြီးပွားတိုးတက်ဖို့အတွက် တချို့အနှောင့်အယှက် အတားအဆီးအခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ဖို့ အချက် (၇)ချက် ပြုစုတင်ပြလိုပါတယ်။ ပထမတစ်ချက် ကတော့ မြန်မာနိုင်ငံက သံရုံးတွေ၊ နိုင်ငံခြားမှာရှိတဲ့ သံရုံးတွေကိစ္စ ဖြစ် ပါတယ်။ ခရီးသွားလုပ်ငန်းရှင် များသည် Package Tour လို့ခေါ်တဲ့ အုပ်စုလိုက် ခ ရီးသွားတဲ့အဖွဲ့ကို အားကိုးရပါတယ်။

တစ်ဦးချင်းလာတဲ့ FIT လို့ခေါ်တဲ့ Free Independence Tourist ဒါမှမဟုတ်ရင် Individual Tourist တွေကို သိပ်အားကိုးလို့မရပါဘူး။ ခု ကျွန်တော်တို့ နိုင်ငံခြား မှာရှိတဲ့ မြန်မာသံရုံးများသည် Package Tour များနဲ့ပတ်သက်လို့ VISA များ ထုတ်ပေးတဲ့အခါမှာ အတတ်နိုင်ဆုံး မြန်ဆန်စွာနဲ့လွယ်ကူစွာ စီစဉ်ဆောင်ရွက်ပေးနိုင်ဖို့ တင်ပြ လိုပါတယ်။ နောက်တစ်ချက်ကတော့ နိုင်ငံတကာမှာ ဒီ FIT လို့ခေါ်တဲ့ တစ်ကိုယ်တော် သွားတဲ့ ပုဂ္ဂိုလ်တွေကို ကြပ်ကြပ်တည်းတည်း စစ်ဆေးနေတာ ကျွန်တော် တို့ တွေ့ရပါတယ်။ ဒီ FIT လို့ခေါ်တဲ့ ခရီးသွားများဟာ နိုင်ငံတော် အတွက် ပြောပလောက်အောင် အကျိုးကျေးဇူးမရှိတာ သာမကပဲ Journalist ဆန်ဆန် ဝင်ရောက်လာတာဖြစ်ပါတယ်။ သွားချင်ရာသွား၊ အိပ်ချင်ရာအိပ်၊ ပြောချင်ရာပြောပြီးတော့ ပိုက်ဆံလည်း များများမသုံးနိုင်တာတွေ ရှိပါတယ်။ ကျွန်တော်တို့ FIT များရဲ့ VISA များကို ကြပ်ကြပ် တည်းတည်း စစ်ဆေးဖို့လိုအပ်ကြောင်း တိုက်တွန်းတင်ပြလိုပါတယ်။ နောက် ဒုတိယတစ်ချက်ကတော့ VISA ထုတ်ပေးတဲ့အခါမှာ အတတ် နိုင်ဆုံး မြန်မြန်ဆန်ဆန် ထုတ်ပေးဖို့လည်း ခရီးသွားကုမ္ပဏီများက တောင်းဆိုထားတာရှိပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရုံးပိတ်ရက်များ အထူးသဖြင့် သင်္ကြန်ရုံးပိတ်ရက်တွေ (၁၀)ရက် ပိတ်ခဲ့ပါတယ်။ နိုင်ငံတကာမှာ ဒီလောက်ရှည်တဲ့ ရုံးပိတ်ရက်မျိုး နည်းတာတွေ့ရပါတယ်။ ဒါ့ကြောင့်မို့လို့ တချို့ သံရုံးတွေဟာ(၁၀)ရက်မကတဲ့ အချိန်တွေ ယူပြီးတော့ VISA လျှောက်ထားဖို့အတွက် အခက် အခဲရှိတဲ့အခါမှာ မြ န်မာနိုင်ငံကိုလာဖို့အတွက် အခွင့်အရေးများ ဆုံးရှုံးသွားတာလည်း တွေ့ကြုံရတာရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ရုံးပိတ်ရက် တွေမှာလည်းပဲ ဖြစ်နိုင်ရင် တာဝန်ချထားပြီးတော့ ဒီ VISA များကို စစ်ဆေးဆောင်ရွက် ပေးနိုင်ဖို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ လေကြောင်းလိုင်းများကိစ္စ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ပုဂ္ဂလိက၊ နိုင်ငံတော်ပိုင်လေကြောင်းလိုင်းတွေဟာ အချိန်မမှန်ခြင်း၊ တစ်ခါတစ်ရံ ခရီးစဉ် ဖျက်ခြင်းစတဲ့ အကြောင်းကြော င်းကြောင့် ခရီးစဉ်တွေ ဖျက်သိမ်းလိုက်ရတာ ရှိပါတယ်။ သို့သော်လည်းပဲ ခရီးသွားကုမ္ပဏီများသည် ခရီးသည်များ ၊ Tourist များ၊ ခရီးသွားများကို လက်ခံထားပြီးဖြစ်တဲ့အတွက်ကြောင့် လေကြောင်း လိုင်း မရှိရင်လည်းပဲ မော်တော်ကားစသည် ဖြင့် တစ်နည်းနည်းနဲ့ စီစဉ်ဆောင်ရွက်ပေးတာ ရှိ ပါတယ်။ ဒီနေရာမှာ ခရီးသည်များရဲ့

စိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှု ထိခိုက်လာတာတွေ တွေ့ရတဲ့အတွက်ကြောင့် လေကြောင်းလို င်း များလည်းပဲ အချိန်မှန်မှန်နဲ့ခရီးစဉ်များအတိုင်း အတတ်နိုင်ဆုံး ပြေးဆွဲပေးဖို့ တင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံ ခြားကုမ္ပဏီများ၊ ဟိုတယ်လုပ်ငန်း ကြီးများကို လာရောက်ရင်းနှီးမြှုပ်နှံကြတဲ့ ဟိုတယ်ကြီးများ အများ အပြားရှိပါတယ်။ ဒီနိုင်ငံခြား သားများပိုင်တဲ့ ဟိုတယ်ကြီးများသည် မြန်မာနိုင်ငံတိုင်းရင်းသားပိုင်တဲ့ ခရီးသွားကုမ္ပဏီများနဲ့ ဆက်ဆံတဲ့အခါမှာ နှုန်းထားတစ်မျိုး၊ တိုးမြှင့်တဲ့နှုန်းထား ဒါမှမဟုတ် ပုံမှန် နှုန်းထားနဲ့ ဟိုတယ် အခန်းများကို ရောင်းချတာ တွေ့ပါ တယ်။ သို့သော်နိုင်ငံခြားသားများ၊ ရင်းနှီးမြှုပ်နှံတဲ့ ခရီးသွားကုမ္ပဏီများကိုကျတော့ လျှော့ပေါ့တဲ့ ဈေးနှုန်းများ၊ discount နှုန်းနဲ့ ရောင်းချနေတာ ကျွန်တော်တို့ တွေ့ရှိပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံ တိုင်းရင်းသားခရီးသွားလုပ်ငန်း ကုမ္ပဏီများ ဟာ ဒီနိုင်ငံခြားသားကု မ္ပဏီများနဲ့ မယှဉ်နိုင်တဲ့အပြင် တပမ်းရှုံးနေတာ ကျွန်တော်တို့ တွေ့ရှိ ရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ခရီးသွားလုပ်ငန်းများ အချို့နိုင်ငံခြားသားများသည် မြန်မာအမျိုးသမီးများကို လက်ထပ် ယူပြီး ဒီမြန်မာအမျိုးသမီးက ကုမ္ပဏီဥက္ကဋ္ဌ၊ ဒီနိုင်ငံခြားသားက ကုမ္ပဏီအထွေထွေ ဝန်ထမ်းစသည် အားဖြင့် ဒီ လိုအခွင့်ကို ရှောင်တိမ်းပြီး လှည့် လည်ပြီး လှည့် ဖြားပြီး လုပ်ကိုင်နေကြတာကို တွေ့ရှိရှိပါတယ်။ ဒီလိုကုမ္ပဏီမျိုးကိုလည်းပဲ ထိရောက်စွာ အရေးယူခြင်းအားဖြင့် ကျွန် တော်တို့ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ လူ ဝင်မှုကြီးကြပ်ရေးကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမဆုံးဝင်ပေါက်ဖြစ်တဲ့ ဥပမာအားဖြင့် ရန်ကုန်လေ ဆိပ်မှာ နိုင်ငံခြားခရီးသွားများကို စနစ်တကျ စစ်ဆေးပါတယ်။ အပြန်မှာလည်းပဲ များသောအားဖြင့် ရန်ကုန်လေဆိပ်ကနေ ပြန်တဲ့အတွက်ကြောင့် စနစ်တကျ စစ်ဆေးပါတယ်။ သို့သော်လည်းပဲ ခရီးသွားများ တင်ပြတောင်းဆိုတဲ့ အချက်ကတော့ လမ်းတစ်လျှောက် ဥပမာ -ပုဂံ -ဟဲဟိုးစသည် ဖြင့် ခရီးတစ်လျှောက်တွေမှာ ဖြစ်နိုင်ရင် အကြိမ်ကြိမ်အခါခါ မလိုလားအပ်တဲ့စာရင်းဇယားများ ၊ ပတ်စ်ပို့များစသည်တို့ကို တောင်း ခံခြင်းမပြုပဲ အ ဝင်နဲ့အထွက်မှာ စနစ်တကျ စစ်ဆေး စီစဉ်ပေးဖို့ တောင်းဆိုထားတာလည်း ရှိပါတယ်။ နိုင်ငံတကာမှာလည်းပဲ ဖြစ်နိုင်လို့ရှိ ရင် အဝင်နဲ့အထွက်ကိုသာ စနစ်တကျစစ်ဆေးပြီး၊ ကြားခရီးစဉ် တွေမှာ စစ်ဆေးမှုမရှိဘဲ နဲ့

Domestic Line ဆိုတဲ့ပြ ည်တွင်းလမ်းကြောင်းကနေ လွတ်လွတ် လပ်လပ်သွားလာနိုင်တာတွေ့ရှိပါတယ်။

နောက်တစ်ချက်ကတော့ နိုင်ငံခြားငွေကြေးကိစ္စ ဖြစ်ပါတယ်။ ဒီနေရာမှာ အများသုံးဖြစ်တဲ့ ဒေါ်လာငွေကို ထည့်သွ င်းတင်ပြလိုပါတယ်။ ဒေါ်လာငွေသည် မြ န်မာနိုင်ငံမှာ MFTB, MICB စတဲ့နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဘဏ်တွေ ရှိပါတယ်။ ဒီနှစ်ခုပဲ အများဆုံးရှိပါတယ်။ ဒီဘဏ်တွေမှာ ပိုက်ဆံအပ်တဲ့အခါမှာ ခရီးသွားလုပ်ငန်းများ ၊ ဟိုတယ်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်း များဟာ နိုင်ငံခြားသားများထံ မှ တစ်ချို့လည်း ပဲ FEC ပေးသလို တချို့လည်းပဲ ဒေါ်လာငွေ ပေးပါတယ်။ ပေးတဲ့အခါမှာ တစ် ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန် စတဲ့ အရွက်သေးတွေကို ပေးပါတယ်။ အဲဒီတော့ အရွက်သေးတွေကို ဒီဘဏ်တွေမှာ သွားအပ်တဲ့ အခါမှာ နှစ်ရွက်၊ သုံးရွက်ထက်ပိုပြီး လက်မခံပါဘူး။ ဘဏ်တွေက လှည့်လည် သုံးစွဲတဲ့နေရာမှာ ငွေကြေးအပ်နှံတဲ့အခါမှာ အခက်အခဲ အများကြီး ရှိနေပါတယ်။ အဲ ဒီတော့ ဒေါ်လာငွေတွေပေါ်မှာလည်း ခေါက်ရိုးတွေ၊ အစွန်း အထင်းတွေ အနည်းငယ် စုတ်ပြဲနေတာတွေ လုံး ဝလက်မခံတဲ့ အတွက်ကြောင့် အချို့မှာ ငွေလက်ထဲမှာ ကိုင်ထားပြီးတော့ သုံးစွဲဖို့ အခက်အ ခဲတွေ အများကြီး ရှိနေပါတယ်။ အဆိုး ဆုံးကတော့ ဒေါ်လာငွေ တန်ဖိုးကို တွက်ချက်တဲ့အပိုင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဂင်ငွေများကို အခွန်ပေး ဆောင်ရပါတယ်။ အခွန်ပေးဆောင်တဲ့အခါမှာ အခွန်ဌာနမှ တစ်ဒေါ်လာပေါက်ဈေး မှန်မှန် ကန်ကန် တွက်ချက်နိုင်ဖို့အခက်အခဲ အများကြီး ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီငွေကြေးနဲ့ ပတ်သက်လို့လည်း ပဲ ခရီးသွားဟိုတယ်လုပ်ငန်းများ၊ ဆက်စပ်နေတဲ့ လုပ်ငန်းများ အားလုံးအတွက် အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးနိုင်ဖို့အတွက် တင်ပြလိုခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကန့်သတ်နယ်မြေ၊ ကန့်သတ် လမ်းကြောင်းများကိစ္စ ဖြစ်ပါတယ်။ လုံခြုံရေးအရ အချို့လမ်းကြောင်းများကို တားဆီးပိတ်ပင် ထားတာကို လက်ခံလိုပါတယ်။ သို့သော် ယခုခေတ်၊ ယခုအချိန်ကာလသည် အင်မတန်တိုးတက်တဲ့ ခေတ်ကို ရောက်လာတဲ့အတွက်ကြောင့် GPS ဆိုတဲ့စနစ်နဲ့ မြေပြင်ပေါ်မှာ (၁)မီတာ ပတ်လည်ရှိတဲ့ နေရာကို အသေးစိတ်ကြည့်ရှုနိုင်တဲ့ အနေအထားတွေလည်း ရောက်လာပါပြီ ။ တစ်ချို့ခရီးသွား လမ်းကြောင်းတွေကို ပြန်လည်ဖွင့်လှစ်ပေးဖို့ တင်ပြတောင်းဆိုထားတာ ရှိပါတယ်။ အထူးသဖြင့်

စစ်တွေ-မြောက်ဦးကားလမ်းခရီး၊ ချင်းပြည်နယ် နတ်မတောင်အပါအဝင် ချင်းပြည်နယ် လမ်းကြောင်းများ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကန့်သတ်နယ်မြေ လမ်းကြောင်းများကိုလည်းပဲ ပြန်လည်စဉ်းစားပြီး လျှော့ပေါ့ပေးသင့် လျှော့ ပေါ့ပေးနိုင်တယ်ဆိုရင် လျှော့ ပေါ့ပေးပါလို့ တင်ပြလိုခြင်းဖြစ်ပါတယ်။ နောက်ဆုံး တစ်ချက်အနေနဲ့ တင်ပြချင်တာကတော့ နိုင်ငံတကာနှင့် အမြဲတမ်း ရင်ဘောင်တန်းပြီးတော့ ကျွန်တော်တို့ သွားကြမယ်။ လုပ်ကြကိုင်ကြမယ်ဆို ရင် အထူးသဖြင့် ကျွန်တော်တို့ လေဆိပ်တွေမှာ လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်၊ လုံခြုံရေး ဝန်ထမ်းများ၊ လေဆိပ် ဝန်ထမ်းများ ဒီပုဂ္ဂိုလ်များဟာ နိုင်ငံတကာ စံချိန်မီ ဆောင်ရွက်ဖို့အတွက် ပြောင်းလဲဆောင်ရွက် ပေးဖို့လိုအပ်နေပါသေးတယ်။ နောက်ဆုံးပေါ် ကိရိယာပစ္စည်းများကို တပ်ဆင်ပေးရမယ်လို့ မ ဆိုလိုပါဘူး။ ဒီပုဂ္ဂိုလ်များရဲ့ ဝတ်စားဆင်ယင်မှု၊ ပြောဆိုဆက်ဆံမှု၊ စည်းကမ်းရှိမှုကအစ စိတ်နေသဘောထား ၊ အမူအကျင့်တစ်ချို့ကို ပြုပြင် ပြောင်းလဲ ပေးဖို့ လိုအပ်တဲ့အကြောင်း တင်ပြလိုပါတယ်။ ဒါ့ကြောင့် ကျွ န်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်ခရီးသွားလာရေးဥပဒေကို ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်း ပေးရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါ တယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အမည်၊ မဲဆန္ဒနယ်အမှတ်ကို ပြောပြီးတော့ ဒီအဆိုကို ထောက်ခံကြောင်း ပြောရင် လုံလောက်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့် စုံစုံ ဆွေးနွေးဖို့ ကတော့ အဆိုကို ဆွေးနွေး တဲ့အချိန်မှာ ပါ ဝင်ဆွေးနွေးဖို့ပဲ ဖြစ်ပါတယ်။ ယခုအဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အချိန်၊ ၁၃း၅၅။**

**ဦးခင်မောင်၊ ရခိုင်ပြည်နယ် မဲ ဆန္ဒနယ်အမှတ် (၃)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ကြွရောက်လာကြတဲ့ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင် ဖြစ်ပါတယ်။ ခုနက တင်ပြသွားတဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)ကိုယ်စားလှယ်တော် ဦးရှုမောင် ရဲ့ ခရီးသွား

လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေအား ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းရန် အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အလေးအနက် ထောက်ခံပါတယ် ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးရှုမောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထော က်ခံသွားပါတယ်။ အဆိုမှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်နှင် ့ခရီးသွားလာရေး ဥပဒေအား ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါ့မယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးရှုမောင် ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးရှုမောင် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာနဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။လွှတ်တော်ကို ခေတ္တရပ်နားမှာဖြစ်ပြီးတော့ ၂ နာရီ ၃၀မိနစ် မှာ ပြန်လည်စတင်ကျင်းပမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၁၃း၅၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၃၀နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့် ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော (က) မြန်မာနိုင်ငံ ကုန်အမှတ်အသား ဥပဒေ(ခ) လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေ (ဂ) ၁၉၄၇ခုနှစ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေ (ဃ) တင်း၊ တောင်း၊ စံ ပမာဏ အက်ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီမြင့် က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော (က) မြန်မာနိုင်ငံ ကုန်အမှတ်အသားဥပဒေ(ခ) လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေ (ဂ) ၁၉၄၇ခုနှစ် အရေးကြီး သောကုန်ပစ္စည်းများနှင့်ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေ (ဃ) တင်း တောင်း စံ ပမာဏ အက်ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလို ကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ ထားပါတယ်။ ယခု ဒေါ်ရီရီမြင့် က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၁။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့်ဖြစ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် တစ်ဦးဖြစ်တဲ့အတွက် အဖွဲ့ရဲ့ကိုယ်စား ဥပဒေအဆိုများကို တင်သွင်းသွားမှာဖြစ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာနမှ စီမံခန့်ခွဲသော ဥပဒေများအနက် ဥပဒေ(၄)ခုအား ပယ်ဖျက်ရန်၊ ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဆက်လက်ကျင့်သုံး ရန် လိုအပ်သည့် ဥပဒေအဆိုများကို တင်သွင်း သွားမှာဖြစ်တဲ့အတွက် အဆိုကို ဖတ်ကြားခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား ခွင့်တောင်းခံအပ် ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။တင်သွင်းသည့်အဆို။စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲသောဥပဒေများမှ ပယ်ဖျက်ရန် ၊ ပြင်ဆင် ဖြည့်စွက်ရန်၊ ဆက်လက်ကျင့်သုံးရန်ဥပဒေများ အဆိုတင်သွင်းခြင်း၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများ (၁၀)ခု ရှိပါသည်။ ယင်းဥပဒေများအနက် ပယ်ဖျက်ရန် ဥပဒေ (၁)ခုရှိပါသည်။ ပြင်ဆင်ဖြည့်စွက်ရန် ဥပဒေ(၄)ခုနှင့် ဆက်လက်ကျင့်သုံး နိုင်ရန် ဥပဒေပေါင်း(၅)ခုရှိပါသည်။ ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေများအပေါ် လေ့လာ တွေ့ရှိချက်များကို အောက်တွင်ဖော်ပြပါသည်။ (က)မြန်မာနိုင်ငံကုန်အမှတ်အသားဥပဒေ၊(၁)ပုဒ်မ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(၃)နှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂)တို့တွင် ပြဋ္ဌာန်းထားသော ဒဏ်ငွေနှင့် ပမာဏများကို ခေတ်နှင့်လျော်ညီသောပမာဏဖြစ်ရန် ပြောင်းလဲ သင့်ပါသည်။ (ခ)လယ်ယာ ထွက်ကုန်ဈေးကွက်များအက်ဥပဒေ (၁) ဒေသအလိုက် ဖြစ်ပေါ်ဖွဲ့စည်းထားသော ကုန်စည်ဒိုင် များ အသုံးပြုနိုင်ရန်ပြန်လည် စိစစ်ပြုပြင်ပြဋ္ဌာန်းသင့်ပါသည်။ (ဂ)၁၉၄၇ခုနှစ်အရေးကြီးသော ကုန်ပစ္စည်း များနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ (၁) ပုဒ်မ ၈၊ ပုဒ်မခွဲ (၁)နှင့် (၃)ပါ ဒဏ်ငွေတို့ကိုခေတ်နှင့်လျော်ညီအောင်ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်။(ဃ) တင်းတောင်းစံ ပမာဏ အက်ဥပဒေ (၁)ပုဒ်မ ၆၊ ပုဒ်မ ၁၀ တို့တွင် ပြဋ္ဌာန်းထား သော ဒဏ်ငွေပမာဏကို ခေတ်နှင့်

လျော်ညီစေရန် ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ ဆက်လက်ကျင့်သုံးနိုင်သော ဥပဒေ များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်၊ (က)ကုန်ရောင်းခြင်းအက်ဥပဒေ (ခ)၁၉၆၂ခုနှစ် ကောက်ပဲသီးနှံ လယ်ယာခြံထွက်ပစ္စည်း ဝယ်ယူမှုစည်းမျဉ်း သတ်မှတ်ရေး အက်ဥပဒေ(ဂ) သွင်းကုန်ပို့ကုန် ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေ (ဃ)ဆုံးသောပမာဏ၏အလေးချိန်များနှင့် အ ချိန်အတွယ်များ ဆိုင်ရာဥပဒေ (င) အလျားတိုင်းထွာခြင်းအက်ဥပဒေတို့ ဖြစ်ပါသည်။ အထက်ဖော်ပြပါအချက် များအရ အောက်ပါအဆိုတို့ကို တင်သွင်းပါသည်။ (က) မြန်မာနိုင်ငံ ကုန်အမှတ်အသားဥပဒေ (ခ) လယ်ယာထွက်ကုန်စျေးကွက်များ အက်ဥပဒေ (ဂ) ၁၉၄၇ခုနှစ် အရေးကြီးသော ကုန်ပစ္စည်း များနှင့်ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေ (ဃ) တင်းတောင်းစံပမာဏအက်ဥပဒေတို့ကိုပြင်ဆင် ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။အဆိုကိုထောက်ခံမယ့်သူ ရှိပါသလား။ ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၅။**

**ဒေါက်တာလှသိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှသိန်း ဖြစ်ပါတယ်။ယခုမွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှဒေါ်ရီရီမြင့်တင်သွင်းသွားသော စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှစီမံခန့်ခွဲသောဥပဒေများအနက်မှ ဥပဒေ(၄)ရပ် ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် အလေးအနက် ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှ ယ်များခင်ဗျား။ ဒေါ်ရီရီမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှစီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင်ဖြည့်စွက်

ပြဋ္ဌာန်းသင့်သော(က)မြန်မာနိုင်ငံကုန်အမှတ်အသားဥပဒေ(ခ)လယ်ယာထွက်ကုန်ဈေး ကွက်များ အက်ဥပဒေ( ဂ)၁၉၄၇ ခုနှစ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ ဥပဒေ (ဃ) တင်းတောင်းစံပမာဏအက်ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒီအဆိုကို လက် ခံဆွေးနွေးရန်သင့်မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါသလား ခင်ဗျား။

အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူတဲ့လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါ်ရီရီမြင့်ရဲ့အဆိုကို လက်ခံဆွေးနွေးရန်လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ရီရီမြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင် ဖြည့်စွက် ပြဋ္ဌာန်း သင့်သော (က)The Myanmar Telegraph Act (1885) (ခ) The Myanmar Post Office Act (1898) (ဂ) The Myanmar Wireless Telegraphy Act(1933) တို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန်နှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီမြင့်က ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနမှ

စီမံခန့်ခွဲသော ဥပဒေ များမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်း သင့်သော (က)The Myanmar Telegraph Act (1885)(ခ) The Myanmar Post Office Act (1898) (ဂ) The Myanmar Wireless Telegraphy Act (1934)တို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုး သားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဒေါ်ရီရီမြင့် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၈။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့် ဖြစ်ပါတယ်ရှင် ။ ကျွန်မအနေနဲ့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့အတွက် အဖွဲ့ရဲ့ ကိုယ်စား ဥပဒေအဆိုများကို တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများအနက် ဥပဒေ(၃)ခုအား ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော ဥပဒေအဆိုများကို တင်သွင်းမှာဖြစ်တဲ့အတွက် အဆိုကိုဖတ်ကြား တင်သွင်းခွင့်ပြုပါရန်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား ခွင့်တောင်းခံအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ရီရီမြင့်၊မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁)။** ။တင်သွင်းသည့်အဆို ။ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှပယ်ဖျက်ရန်၊ ပြင်ဆင်ဖြည့်စွက်ရန်၊ ဆက်လက်ကျင့်သုံးရန်ဥပဒေများ အဆိုတင်သွင်းခြင်း။ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများ(၄)ခုရှိပါသည်။ ယင်းဥပဒေများအနက် ပယ်ဖျက်သင့်သော ဥပဒေများမရှိပါ။ ပြင်ဆင်ဖြည့်စွက်သင့်သော ဥပဒေများ (၃)ခုရှိပါသည်။ ဆက်လက်ကျင့်သုံးနိုင် သောဥပဒေ(၁)ခုရှိကြောင်းစိစစ်တွေ့ရှိရပါသည်။ (က)TheMyanmar Telegraph Act (1885) (၁)ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ၂၀ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ပုဒ်မ ၂၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၀ တို့တွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်နှင့် ဒဏ်ငွေများအား ပြောင်းလဲပြဋ္ဌာန်းရန် လိုအပ်ပါသည်။ (ခ) The Myanmar Post Office Act (1898)

(၁) ပုဒ်မ ၄၉၊ ၅၀၊ ၅၁၊ ၅၄၊ ၅၅၊ ၅၆၊ ၅၈၊ ပုဒ်မခွဲ (၁) (၂)၊ ပုဒ်မ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၉၊ပုဒ်မ ၇၁ ပုဒ်မခွဲ(၁)တွင် ဖော်ပြပြဋ္ဌာန်းထားသော ပြစ်ဒဏ်နှင့်ဒဏ်ငွေများအား ခေတ်နှင့် လျော်ညီစွာ ပြင်ဆင်ပြဋ္ဌာန်းရန် လိုပါသည်။(ဂ)The Myanmar Wireless Telegraphy Act (1933) ဆက်လက်ကျင့်သုံးနိုင်သော ဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ (က) ၂၀၀၄ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ။ သို့ ဖြစ်ပါ၍ ဆက် သွယ်ရေးစာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနမှစီမံခန့်ခွဲသော ဥပဒေများ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သောဥပဒေများမှာ (၁)The Myanmar Telegraph Act (1885) (၂) The Myanma Post Office Act (1898) (၃) The Myanmar Wireless Telegraphy Act (1934) တို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းအပ်ပါတယ်ရှင့် ။ ကျေးဇူးတင် ပါတယ်ရှင်။

**အချိန်၊ ၁၄း၄၁။**

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အချိန်၊ ၁၄း၄၁။**

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနို င်ရှိန် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီမြင့် တင်သွင်းသွားတဲ့ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ဖြည့်စွက်ပြင်ဆင်သင့်သည့် ဥ ပဒေ(၃)ခုဟာ ယနေ့ နိုင်ငံတော်ရဲ့ ပြောင်းလဲနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များနှင့် လိုက်လျောညီထွေ ဖြစ်တဲ့ ပြင်ဆင်မှုများဖြစ်တဲ့အတွက်ကြောင့် ယင်းအဆိုကို အလေးအနက်ထောက်ခံကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းဆွေးနွေးရန်ရှိပါက ဆွေးနွေးနိုင်ပါတယ်။

## ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးခြင်း

**အချိန်၊ ၁၄း၄၂။**

**ဦးသိန်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်ကျန်းမာ၊စိတ်ချမ်းသာရှိကြပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆက်သွယ်ရေး ၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့် တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ ဥက္ကဋ္ဌကြီးခင်ဗျား ။ တချို့ဟာတွေမှာ အင်္ဂလိ ပ်လို၊ တချို့ဟာတွေက ဂဏန်းနှင့်ဖြစ်တဲ့အတွက် ဖတ်ကြားဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးသိန်းထွန်း (ပြည်ထောင်စုဝန်ကြီး ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)။** ။ အဆိုရှင်တင်သွင်းသွားတဲ့ The Myanmar Telegraph Act (1885) မှာ အဆိုရှင်က ပုဒ်မများကိုလည်းအသေးစိတ်ဖတ်ပြသွားပြီး ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်နှင့်ငွေဒဏ်များဟာ ခေတ်နှင့်အညီ ပြောင်းလဲ ပြဋ္ဌာန်းသင့်တယ်ဆိုတာ မှန်ကန်ပါတယ်။ The Myanmar Wireless Telegraphy Act (1934) ဟာ မြန်မာနိုင်ငံ ကြေးနန်းအက်ဥပဒေ၊ The Myanmar Wireless Telegraphy Act မှာ ပုဒ်မပေါင်း (၁၁)ခုရှိပြီးတော့ ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်နဲ့ ငွေဒဏ်များဟာလည်း ခေတ်နှင့်အညီ ပြောင်းလဲပြဋ္ဌာန်းသွားသင့်တယ် ဆိုတာ မှန်ကန်ပါတယ် ။ ဒါကြောင့်လည်းပဲ ကျွန်တော်တို့ ဟာ ဖော်ပြပါ ၁၈၈၅ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့မှာ ထုတ်ပြ န်ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံ ကြေးနန်းအက်ဥပဒေနှင့် ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာထုတ်ပြန် ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံ ကြိုးမဲ့ကြေးနန်းအက်ဥပဒေ တို့ကို တိုးတက်ဖြစ်ပေါ်ပြောင်းလဲနေတဲ့ ဆက်သွယ်ရေးနည်းပညာတွေ၊ စံနှုန်းတွေ၊ နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့အခြေအနေနှင့် လိုက်လျောညီထွေမရှိတော့တာကို ကျွန်တော် တို့ အထပ်ထပ် လေ့လာပြီးတဲ့အခါမှာ တချို့ဟာတွေက မရှိတော့တာကို စိစစ်တွေ့ရှိရတဲ့အတွက် ကြိုးမဲ့ ကြေးနန်းဆက်သွယ်မှု ဆိုတဲ့ဟာလည်းပဲ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှာ အသုံးပြုမှု နည်းပါးလာတဲ့အတွက် ဆက်သွယ်ရေးဥပဒေသစ်နှင့် ဆက်သွယ်ရေး ဥပဒေသစ်အဖြစ် ခေတ်နှင့်

လျော်ညီစွာ ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ကြောင်းကို ကျွန်တော်တို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ အနေနှင့် လေ့လာတွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ကြေးနန်း အက်ဥပဒေ The Myanmar Telegraph Act (1885) နဲ့ မြန်မာနိုင်ငံကြိုးမဲ့ကြေးနန်း အက်ဥပဒေ The Myanmar Wireless Telegraphy Act (1934) တို့ကို ပြင်ဆင် ပြီးတော့ ခေတ်စနစ်တို့နဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဆက်သွယ် ရေးအက်ဥပဒေ Telecommunication Law အဖြစ် ဥပဒေပြဋ္ဌာန်းနိုင်ဖို့အတွက်ဆက်သွယ်ရေးဥပဒေမူကြမ်းကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနမှ သက် ဆိုင်ရာတာဝန်ရှိသူတွေ ကျွန်တော် တို့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီးတော့ မူကြမ်းအဖြစ် ပြင်ဆင်ရေးသားပြုစုခဲ့ပြီးဖြစ်ပါတယ်။ မူကြမ်းကိုလည်းပဲ ၂၅-၇-၂၀၁၁ ရက်နေ့မှာ ရှေ့နေချုပ်ရုံးကို သဘောထားမှတ်ချက် တောင်းခံထား ပြီးဖြစ်ပါတယ်။ ပြည်ထောင်စု ရှေ့နေချုပ်ရုံးက သဘောထား မှတ်ချက်ရရှိတယ်ဆိုလို့ရှိရင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လ က်ပြီးတော့ မြန်မာနိုင်ငံစာပို့တိုက်အက်ဥပဒေ The Myanmar Post Office Act ကလည်းပဲ ပြင်ဆင်ဖြည့်စွက်ပြီးတော့ စာပို့တိုက်အက်ဥပဒေအဖြစ် ခေတ်နှင့်အညီ ပြဋ္ဌာန်းနိုင်ဖို့အတွက် စာပို့တိုက်အက်ဥပဒေမူကြမ်းကို ဆက်သွယ်ရေး၊ စာတိုက်နဲ့ ကြေးနန်းဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး ညှိနှိုင်း ဆွေးနွေးလျက်ရှိပါတယ်။ ညှိနှိုင်းဆွေးနွေးလို့ ရရှိတဲ့အချက် တွေကို သက်ဆိုင်ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို သဘောထားမှတ်ချက်များ တောင်းခံပြီးတော့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့် အနေနဲ့ ဆက်သွယ်ရေး၊ စာတိုက်နဲ့ကြေးနန်းဝန်ကြီးဌာနက ယခုကဲ့သို့သောThe Myanmar Telegraph Act (1885) ,The Myanmar Post Office Act (1898) နဲ့,The Myanmar Wireless Telegraphy Act (1934) တို့ကို သေသေချာချာ အသေးစိတ်လေ့လာပြီးတော့ ယခုကဲ့သို့ ဆွေးနွေးသွားတဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ လည်းပဲ ဒေါ်ရီရီမြင့်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး များ ဆွေးနွေးသွားတဲ့ အတိုင်းပဲ ပြ င်ဆင်စရာရှိတာ တွေကို ခေတ်နဲ့စနစ်နဲ့အညီ ပြင်ဆင်ဖြည့်စွက်ပြီးတော့ ဆက်လက်ပြီး လုပ်ထုံးလုပ်နည်းများ

အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၄၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ရီရီမြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ် ။ အဆိုမှာ ဆက်သွယ်ရေး၊ စာတိုက်နဲ့ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော(က)The Myanmar Telegraph Act (1885) (ခ) The Myanmar Post Office Act (1898) (ဂ) The Myanmar Wireless Telegraphy Act (1934) တို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန်သင့် မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။

အဆိုကိုလက်ခံ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။ အမည်ကို ပါပြောပါ။ အမည်နဲ့မဲဆန္ဒနယ်ပြောပါ။ အမည်နဲ့ မဲဆန္ဒနယ်ပြောရင် လုံလောက်ပါပြီ။

**ဦးမောင်အေးထွန်း။** ။ ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ ရပါပြီ။

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ် စားလှယ်ရှိတဲ့အတွက် ဒီအဆိုနဲ့ပတ်သက်လို့ လွှတ်တော်ကို ယ်စားလှယ်များရဲ့ဆန္ဒကို မတ်တတ် ရပ်ပြီး ဆန္ဒပြုခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့်အဆို ကို လက်ခံဆွေးနွေးဖို့ထောက်ခံတဲ့ လွှတ်တော် ကိုယ်စားလှယ်များမတ်တတ်ရပ်ပါ။ ထိုင်နိုင်ပါပြီ။ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကလွဲပြီး ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ဆန္ဒပြုတဲ့အတွက် ဒီအဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

ဒေါ်ရီရီမြင့်အဆိုကိုဆွေးနွေးမယ့် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့ အခါ အမျိုးသားလွှတ်တော်ဌာန ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။ အဆိုကိုဆွေးနွေးမည့်ရက်နှင့် ပြည်ထောင်စုဝန်ကြီးက ဖြေကြားမည့်ရက်ကို သတ်မှတ်ပြီးအကြောင်းကြားမှာဖြစ်ပါတယ်။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် ကျောက်စိမ်းကျောက်မျက်များကိုထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအတွက် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးခက်ထိန်နန်က ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ကျောက်စိမ်း ကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူး ဖော်ထုတ်လုပ်ရေး နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးခက်ထိန်နန် အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၁။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)** ။လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် ဖားကန့်မြို့နယ်မှထွက်ရှိတဲ့ ကျောက်စိမ်းကျောက်မျက် ရတနာများကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအဆိုကို တင်သွင်းသွား မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့အဆိုကို ဖတ်ကြား တင်သွင်းခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင်ထွက်ရှိတဲ့ ကျောက်စိမ်း ကျောက်မျက်ရတနာဟာ ကမ္ဘာ့ပေါ်မှာ အခြားမည် သည့်နေရာတွင်မှ ထွက်ရှိခြင်းမရှိဘဲ ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌သာ ထွက်ရှိတဲ့ရတနာတစ်ပါးဖြစ်ပါတယ်။ ယခုလက်ရှိ တူးဖော် နေတဲ့နှုန်းအတိုင်းသာ ဆက်လက်တူးဖော် ထုတ်လုပ်သွားမည်ဆိုပါက ပတ်ဝန်း ကျင်ပျက်စီးမှု များလည်း ယခုထက်ပိုမို ဆိုးရွားသွားမည်ဖြစ်ပြီး ကျောက် စိမ်းကျောက်မျက်ရတနာများဟာလည်း လာမည့်နှစ်ပေါင်း (၂၀ မှ ၂၅)နှစ်အတွင်း ကုန်ခမ်း သွားနိုင်တယ်လို့ ခန့်မှန်းရပါတယ်။ ကျောက်စိမ်းအမျိုးအစားများထဲမှ ရေခဲ့ရေကျောက် အမျိုးအစား ဟာ ကုန်ခမ်းသလော က်ဖြစ် သွားပြီးဖြစ်ပါတယ်။ ရေမှုံ ထုခေါ်စကျင်ကျောက် ကုန်းတစ်ပိုင်း ရေတစ်ပိုင်းကျောက်အမျိုးအစား မှာ ရှားပါးလာပြီဖြစ်ပါတယ်။ အမျိုးကောင်းတဲ့ မြန်မာ့ ကျောက်စိမ်းအမျိုးအစားဟာလည်း နည်းပါးလာပြီဖြစ်ပါတယ်။ ၂၀၁၀ နှစ်လည် ကျောက်မျက်ရတနာပြပွဲမှာ အမေရိကန်ဒေါ်လာ ၁.၄၄ ဘီလီယံ ရောင်းချခဲ့ရပြီး ၂၀၁၁ ခုနှစ် မတ်လတွင် ပြုလုပ်တဲ့ ၄၈ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲမှာတော့ အမေရိကန်ဒေါ်လာ ၂.၈ ဘီလီယံ ရောင်းချခဲ့ရပါတယ်။ သို့သော်လည်း ၂၀၁၁ ခုနှစ် ဇူလို င်လ ကျောက်မျက် အထူးရောင်းချပွဲ မှာတော့ အမေရိကန် ဒေါ်လာ ၁.၅ ဘီလီယံသာ ရောင်းချခဲ့ရပါတယ်။ ယခင်ရောင်း ရငွေရဲ့ ထက်ဝက်ခန့် လျော့နည်းသွားတာကို တွေ့ရှိရပါတယ်။ ထို သို့ ဖြစ်ရခြင်းနှင့်ပတ်သက်၍ ပညာရှင်များ လုပ်ငန်းရှင်များက သုံးသပ်မှုများ ပြုလုပ်ကြပါတယ်။ အခြားအကြောင်းပြ ချက်များလည်းရှိသည် ဖြစ်သော်လည်း ၂၀၁၁ ခုနှစ်၊ ဇူလိုင်(၁)ရက်နေ့မှဇူလိုင်(၁၃)ရက်နေ့အထိ ကျောက်မျက်ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၂၂၃၁၇တွဲအထိ များပြားစွာ လေလံတင် ခဲ့ရခြင်းကြောင့် ဝယ်ယူသူများ အနေဖြင့် နှံ့စပ်စွာ မကြည့်နိုင်ခြင်း၊ ရွေးချယ်စရာများလွန်း၍ ဈေးမပေးခြင်း ၊ အချိန်ဆွဲခြင်း စသည့် အားနည်းချက်များ ပေါ်ပေါက်ခဲ့ကြောင်း သုံး သပ်ခဲ့ကြပါတယ်။ ဒါကြောင့် ကမ္ဘာ တွင် ရှားပါး ရတနာလည်းဖြစ်ပြီး နေရာတစ်ခုတည်း တွင်ဖြစ်သော ကချင်ပြည်နယ် ၊ ဖားကန့်မြို့နယ် တွင်ထွက်ရှိတဲ့ ကျောက် စိမ်းရတနာကို ကောင်းမွန်စွာထိန်းသိမ်းပြီး ရေရှည်တွင် စနစ်တကျ တူးဖော် ထုတ်လုပ်သွားလျှင် ယခုထက် ပို၍ ဈေးကောင်းလည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။ ရာသက်ပန်လည်း မိမိတို့နိုင်ငံဟာ ကျောက်စိမ်းရတနာကို တည်တံ့ခိုင်မြဲစွာ ပိုင်ဆိုင်တည်ရှိနေမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင်သာ ထွက်ရှိတဲ့

ကျောက်စိမ်း ကျောက်မျက်ရတနာများအား ထိန်းသိမ်း၍ ရေရှည် စနစ်တကျ တူး ဖော်ထုတ်လုပ်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့်သူရှိပါကဆက်လက်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၆။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က တော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းတဲ့ အဆိုဟာ နိုင်ငံတော်ရဲ့ သယံဇာတကို ကာကွယ်စောင့်ရှောက်တဲ့အဆိုဖြစ်တဲ့ အတွက် ဤအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၅၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခက်ထိန်နန် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် ကျောက်စိမ်းကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည် စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ဆန္ဒကိုရယူမှာ ဖြစ်ပါတယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့လွှတ်တော်ကိုယ်စားလှယ်များကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါသလား ခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေး ဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးခက်ထိန်နန်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။ (သြဘာသံများ)

ဦးခက်ထိန်နန်တင်သွင်းတဲ့အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကို ယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၄း၅၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ (က)အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က အမျိုးသားလွှတ်တော် သို့ တင်သွင်းဖို့ဖြစ်ပါတယ်။ ပထမဆုံးအကြို မ်မှာ အဆိုအဖြစ်သာ တင်သွားရမှာ ဖြစ်ပြီးတော့ ဥပဒေကြမ်းဖတ်ကြားရှင်းလင်းတင်ပြဖို့ ခွင့် ပြုတဲ့အချိန်ကျမှ ဥပဒေကြမ်းကို ဖတ်ကြား ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။ အခုတင်သွင်းနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၇။**

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုကို တင်သွင်းရန်ရှိတဲ့အတွက် ကြောင့် အမျိုးသား လွှတ်တော် ရွေးကောက်ပွဲဥပဒေပြင်ဆင်တဲ့ဥပဒေမူကြမ်းအဆိုကို တင်သွင်းခွင့်ပြု နိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၅၈။**

**ဥက္ကဋ္ဌ။** ။အဆိုကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၉။**

**ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္က ဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော်က တော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေး ဝင်း ဖြစ်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အဆိုတင်သွားတဲ့ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ နောက် စဉ်ဆက်မပြတ် ကျင်းပသွားမယ့် ရွေးကောက်ပွဲများအတွက် အမှန်တကယ်ပြင်ဆင်ရန် လိုအပ်သည့် အချက်များကိုတင်ပြခြင်းဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင် တင်သွင်းသော အဆိုကို ကျွ န်တော်က အလေးအနက် ထောက်ခံပါတယ်ခင်ဗျား ။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၅း၀၀။**

**ဥက္ကဋ္ဌ။** ။ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ကအမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဖတ်ကြားတင်သွင်းရှင်းလင်းပါ။

**အချိန်၊ ၁၅း၀၀။**

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။လေးစားအပ်ပါ သော အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး များ ခင်ဗျား။ ကျွန်တော့် အနေနဲ့ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းနဲ့ ပြင်ဆင်ရတဲ့ အကြောင်းအရင်းများကို ဖတ်ကြားခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ။ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )၊ အမျိုးသားလွှတ်တော်

ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ။ ၁၃၇၃ ခုနှစ်၊ လ၊ ရက်။ ၂၀၁၁ ခုနှစ်၊ လ၊ ( )ရက်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည် ထောင်စုလွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ပုဒ်မ ၁၊ ဤဥပဒေကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

ပုဒ်မ ၂၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေတွင် ပုဒ်မခွဲ (က) ပုဒ်မ ၄၉(က)ကို အောက်ပါအတိုင်း အစားထိုးရမည်။

ပုဒ်မ ၄၉(က)မြို့နယ် ကော်မရှ င်အဖွဲ့ခွဲသည် ခိုင်လုံသော ဆန္ဒမဲ အများဆုံး ရရှိသူကို ရွေးကောက် တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ကြေငြာနိုင်ရန်လည်းကောင်း၊ အများဆုံးရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက်တူညီနေလျှင် ရွေးကောက်ပွဲ ထပ်မံကျင်းပနိုင်ရေးအတွက် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြရမည်။ မိတ္တူကို နေပြည်တော် ကော်မရှင်အဖွဲ့ခွဲ ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ တိုင်းကော်မရှင် အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ (သို့မဟုတ်) ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ယခင်မူလက ပြဋ္ဌာန်းထားချက်ကို ကျွန်တော်ဖတ်ပြပါမယ်။ ပုဒ်မ ၄၉(က) မြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံရမည့် လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ရှိခဲ့လျှင် ယင်းလွှတ်တော် ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက်ကို ကြေညာ ရမည်။ ခိုင် လုံသောဆန္ဒမဲ အများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ကြေငြာနိုင်ရန်လည်းကောင်း အများဆုံးရရှိသည့် ခိုင်လုံ သောဆန္ဒမဲအရေအတွက်တူညီနေလျှင် ရွေးကောက်ပွဲ ထပ်မံကျင်းပ နိုင်ရေးအတွက်လည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန် တင်ပြရမည်။ မိတ္တူကို နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင် အဖွဲ့ခွဲ (သို့မဟုတ်) ခရိုင် ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ပြင်ဆင်ရသည့် အကြောင်းပြချက်ကတော့ ပုဒ်မ ၄၉ (ခ) မှာ တိုင်းဒေသကြီးပြည်နယ်ကော်မရှင်အဖွဲ့ခွဲက မြို့နယ်များမှ ပေးပို့လာသော စာရင်းများကို စုစည်း၍ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံရသောပုဂ္ဂိုလ်၏ အမည်ကို ကြေညာ ရခြင်းဖြစ်၍ လက်တွေ့ဆောင်ရွက်ရာတွင် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၏ လုပ်ပိုင်ခွင့်များ

ရောထွေးမသွားနိုင်စေရန်အတွက် ပုဒ်မ ၄၉ (က)တွင် ပထမ ဝါကျအား ပယ်ဖျက်ပြီး မှ ပြင်ဆင်ရေးသားရခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ပုဒ်မခွဲ (ခ) ပုဒ်မ ၇၄ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်။

ပုဒ်မ၇၄(က) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် (သို့မဟုတ်) အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ (သို့မဟုတ်) လျှောက်ထားခံရသူ အဖြစ်ပါဝင်ခဲ့သူသည် သတ်မှတ်ထားသည့် ကာလအတွင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားနိုင်သည် ပြင်ဆင်မှု လျှောက်ထားရာတွင် ဥပဒေ ရေးရာပြဿနာ ပေါ်ပေါက်မှသာ လျှောက်ထားခွင့်ရှိသည်။

ယခင်မူလ ပြဋ္ဌာန်းချက်ကို ကျွန်တော်ဖတ်ပြ တင်သွင်းပါမယ်။

ပုဒ်မ ၇၄ (က) ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံး ဖြတ်ချက်ကိုမကျေနပ်သည့် လျှောက်ထားသူ (သို့မဟုတ်) လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် ဥပဒေ ကြောင်းအရ မှားယွင်းသဖြင့် ပြင်ဆင်ပေးရန် သတ်မှတ်ထားသည့် ကာလအတွင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ကော်မရှင်သို့လျှောက်ထားနိုင်သည်။ ဥပဒေရေးရာပြဿနာပေါ်ပေါက်မှသာ ဤ ပုဒ်မအရ လျှောက်ထားခွင့်ရှိသည် ။ ပြင်ဆင်ခြင်းပြုရသည့် အကြောင်းပြချက်ကတော့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၄၀၂(ခ) နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၉ (ခ)တို့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ရွေးကောက်ပွဲခုံအဖွဲ့များရဲ့ ဆုံးဖြတ်ချက်များ၊ အမိန့်များနဲ့စပ်လျဉ်း၍ အယူခံမှုများနှင့် ပြင်ဆင်မှုများကိုပါ အဆုံးအဖြတ် ပေးရန် လုပ်ပိုင်ခွင့်ပေးထားပြီး လက်ရှိဥပဒေပြဋ္ဌာန်းချက်တွင် ပြင်ဆင်မှုတစ်မျိုးတည်း အတွက်သာ ပါရှိသည့် သဘောရှိနေပါ၍ အခြေခံဥပဒေနှင့် ညီညွတ်စေရန် ပြင်ဆင်ရေးသားခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်ခင်ဗျား။

ပုဒ်မခွဲငယ်(ဂ)ပုဒ်မ ၈၈ကို အောက်ပါအတိုင်း အစားထိုးရမည်။

ပုဒ်မ ၈၈၊ ပုဒ်မခွဲ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တ စ်သက်တစ်ကျွန်း ဒဏ်ထိုက်သော ပြစ်မှုဖြင့် ဖြစ်စေ ပြစ်မှုထ င်ရှား စီရင်ခြင်း ခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည် ပိုင်ခွင့် မရှိကြောင်း ကော်မရှင် က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ နော င်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

ပုဒ်မခွဲ(ခ) အခန်း(၁၃)မှာ ပြ စ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ် ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေ ညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောင်လာမည့် လွှတ်တော် သက်တမ်း တစ်ခုခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

ပုဒ်မခွဲ(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့် အတိုင်း ရွေးကောက်ပွဲ ကုန်ကျစရိတ် စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြ တ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသည်ဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်သည်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက် ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း၊ ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းအတွင်းကျင်းပသည့်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

ယခင်မူလပြဌာန်းချက်ကို ကျွန်တော် ဖတ်ကြားတင်သွင်း ပါမယ်။

ပုဒ်မ ၈၈ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပု ဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့် အတိုင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်း သည်ဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသည်ဟု ကြေညာခြင်းခံရသော လွှ တ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ် စားလှယ် သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စား လှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျ ခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ်

ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း၊ အခန်း(၁၃)ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံ ရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်း ခံရသူသည်လည်းကောင်း၊ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောင်လာမည့် လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲတွင် လွှတ် တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေ ရ။ ပြင်ဆင်ရသည့် အကြောင်းပြ ချက်ကတော့ လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ပယ်ဖျက်ခြင်း ခံရတဲ့ ပြစ်မှုရဲ့အတိမ်အနက်များ မတူညီမှုကြောင့်လည်းကောင်း ရွေးကောက်ပွဲ ဝင်ခွင့်ပိတ်ပင်မှု ကာလကို(၃)မျိုး ခွဲခြားပြီးတော့ ပြင်ဆင်ရေးသားခြင်းဖြစ်ပါတယ်။ မူလ ပြဋ္ဌာန်းချက်အရဆိုရင် လွှတ်တော်ကို ယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခြင်းခံရသည့် ပြစ်မှု၏ အတိမ်အနက်များ မတူညီ သော်လည်းပဲ ရွေးကောက် ပွဲဝင်ခွင့်ပိတ်ပင်မှုကာလကို တစ်မျိုးတ ည်း ထားရှိခြင်းအတွက်ကြောင့် ယခုကဲ့သို့ ပြင်ဆင်ရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

**အချိန်၊ ၁၅:၁၁။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် မသင့် အမျိုးသားလွှတ်တော်ရဲ့သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပ ဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အမျိုးသား လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၃၁-၈-၂၀၁၁ ရက် ဗုဒ္ဓဟူးနေ့ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။ တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက်တို့ကို ဖတ် ကြားတင်သွင်းရန်နှင့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေး ရန်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာဖြစ်ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ အဖွဲ့ဝင် က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် . လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၅း၁၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ ယခုအမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၅၄၊ နည်းဥပဒေခွဲ(က) အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေး စဉ်းစားရန်အဆိုကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၂။**

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ယခုအမျိုးသားလွှတ်တော် အစည်းအဝေးကြီးမှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို တင်သွင်းရန်ရှိပါသဖြင့် ဤပြင်ဆင်သည့် ဥပဒေမူ ကြမ်းကို တင်သွင်းခွင့်ပြုနိုင် ပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၁၃။**

**ဥက္ကဋ္ဌ။** ။အဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဖြစ်ပါတယ်။ ယခု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် အဆိုတင်သွင်းတဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစား ရန်အဆိုကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၅း၁၄။**

**ဥက္ကဋ္ဌ။** ။ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က တိုင်းဒေသကြီး လွှတ်တော် သို့မဟု တ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပေ ဒကြမ်းအား ဖတ်ကြားရှင်းလင်း တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၄။**

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ် ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင် ငံတော်။ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်( )၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပ ဒေကို ပြင်ဆင်သည့် ဥပဒေ ၁၃၇၃ခုနှစ်၊ လ၊ ရက်။ ၂၀၁၁ ခုနှစ်၊ လ၊ ရက်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။ ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်။

ပုဒ်မ ၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

ပုဒ်မ ၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေတွင် ပုဒ်မခွဲ(က) ပုဒ်မ ၄၉(က)ကို အောက်ပါအတိုင်း အစားထိုးရမည်။

ပုဒ်မ ၄၉ (က) မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် ခိုင်လုံသော ဆန္ဒမဲအများဆုံး ရရှိသူကို ရွေးကောက် တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ကြေညာနိုင်ရန်လည်းကောင်း၊ အများဆုံး ရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက်တူညီနေလျှင် ရွေးကောက်ပွဲ ထပ်မံကျင်းပနိုင်ရေး အတွက်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့ အမြန် တင်ပြရမည်။ မိတ္တူကို နေပြည်တော် ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ယခင်မူလပြဋ္ဌာန်းချက် ကို ကျွန်တော်ဖတ်ကြားတင်သွင်းပါ မယ်ခင်ဗျား။

ပုဒ်မ ၄၉ (က)။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက် တင်မြှောက်ခံ ရမည့် လွှတ်တော်ကိုယ်စားလှယ် လောင်း တစ်ဦးထက်ပို၍ ရှိခဲ့လျှင် ယင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက်ကို ကြေညာရမည်။ ခိုင်လုံ သော ဆန္ဒမဲအများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်ခံရသူ အဖြစ် သတ်မှတ်ကြေညာနိုင် ရန်လည်းကောင်း၊ အများဆုံးရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက် တူညီနေလျှင် ရွေးကောက်ပွဲထပ်မံကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြရမည်။ မိတ္တူကို နေပြည်တော် ကော်မရှင် အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

ပြင်ဆင်ရခြင်းရဲ့ အကြောင်းပြ ချက်မှာ ပုဒ်မ ၄၉ (ခ)တွင် တိုင်းဒေသကြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက မြို့ နယ်များမှပေးပို့လာသော စာရင်းများကို စုစည်းပြီး မဲဆန္ဒနယ် အလိုက် ရွေးကောက် မြှောက်ခံရသောပုဂ္ဂိုလ် အမည်ကို ကြေညာရခြင်းဖြစ်သောကြောင့် လက်တွေ့လုပ်ဆောင်ရာတွင် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ လုပ်ပိုင်ခွင့် များ ရောထွေး မသွားစေရန် ပုဒ်မ ၄၉ (က)တွင် ပထမ ဝါကျအား ပယ်ဖျက်၍ ပြင်ဆင်ရေးသားရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ပုဒ်မခွဲ(ခ) ၊ ပုဒ်မခွဲ ၇၄ (က)ကို အောက်ပါ အတိုင်း အစားထိုးရမည်။

ပုဒ်မ ၇၄(က)၊ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့် တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှော က်ထားခံရသူအဖြစ် ပါ ဝင်ခဲ့သူသည် သတ်မှတ်ထားသည့် ကာလအတွင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ ပြင်ဆင်မှု လျှောက်ထားရာတွင် ဥပဒေရေးရာပြဿနာ ပေါ်ပေါက်မှသာ လျှောက်ထားခွင့်ရှိသည်။

ယခင်မူလ ပြဋ္ဌာန်းချက်ကို ကျွန်တော်ဆက်လက် တင်သွင်းပါ့မယ်။ ပုဒ်မ ၇၄(က) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ် သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါ ဝင်ခဲ့သူသည် ဥပဒေကြောင်းအရ မှားယွင်းသဖြင့် ပြင်ဆင် ပေးရန် သတ်မှတ်သည့်ကာလအတွင်း သတ်မှတ်သည့်နည်းလမ်းအတိုင်း ကော်မရှင်သို့ လျှောက်ထားနိုင်သည်။ ဥပဒေရေးရာပြဿ နာ ပေါ်ပေါက်မှသာ ဤပုဒ်မအရ လျှောက်ထားခွင့် ရှိသည်။

ပြင်ဆင်ရခြင်းရဲ့ အကြောင်းပြချက်မှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၀၂ (ခ)နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၉(ခ)တို့မှ ကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံး ဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်း၍ အယူခံမှုများနှင့် ပြင်ဆင်မှုများကိုပါ အဆုံးအဖြတ်ပေးရန် လုပ်ပိုင်ခွင့် ပေးထားပြီး၊ လက်ရှိဥပဒေပြဋ္ဌာန်းချက်တွင် ပြင်ဆင်မှု တစ်မျိုးတည်းအတွက်သာ ပါရှိနေပါသဖြင့် အခြေခံဥပဒေနှ င့် ညီညွ တ်စေရန် ပြင်ဆင်ရေးသားရခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည် ခင်ဗျား။

ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်။

ပုဒ်မ ၈၈ ပုဒ်မခွဲ(က)။ နိုင်ငံတော် သစ္စာဖောက်ဖျက်ပုံကန်မှုဖြင့် ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သော ပြစ်မှု ဖြင့်ဖြစ်စေ၊ ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက် လက်ရပ်တည်ပိုင်ခွင့် မရှိကြောင်း ကော်မရှင်ကကြေညာ ခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါ ဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။ ပုဒ်မခွဲ(ခ) အခန်း(၁၃)ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် ့ လွှတ်တော်

ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောင်လာမည့် လွှတ်တော်သက်တမ်းတစ်ခုခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

ပုဒ်မခွဲ(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာခြင်း ခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့် အတိုင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်း တင်သွင်းရန်ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသည်ဟု ကြေညာခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လည်းကောင်း၊ ယင်းသို့ ကြေညာသည့် နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

ယခင်မူလ ပြဋ္ဌာန်းချက်ကို ကျွန်တော် ဖတ်ကြားတင်သွင်းပါ့မယ်။

ပုဒ်မ ၈၈ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာ ခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့် အတိုင်း ရွေးကောက်ပွဲ ကုန်ကျစရိတ် စာရင်းတင်သွင်း ရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက် ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသည်ဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေး ကောက် တင်မြှောက်

ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်း ခံရသော လွှတ်တော် ကိုယ်စားလှယ်သည် လည်းကောင်း အခန်း (၁၃)ပါ ပြစ်မှု တစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာ ခြင်း ခံရသူသည်လည်းကောင်း ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ်ပါဝင်ယှဥ်ပြိုင်ခွင့်မရှိစေရ။

ပြင်ဆင်ရခြင်း အကြောင်း ပြချက်မှာ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ပယ်ဖျက်ခြင်း ခံရတဲ့ပြစ်မှု၏ အတိမ်အနက်များ မတူညီသော်လည်းပဲ မူလပြဋ္ဌာန်းချက်က ရွေးကောက်ပွဲဝင်ခွင့် ပိတ်ပင်မှုမှာ တစ်မျိုးတစ်စားတည်း ဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပယ်ဖျက်ခြင်းခံရသည့် ပြစ်မှု၏ အတိမ်အနက်များ တူညီသည့်အားလျော်စွာ ရွေးကောက်ပွဲ ဝင်ခွင့်ပိတ်ပင်မှုကာလကိုလည်းပဲ (၃)မျိုးခွဲခြားပြီးတော့ ပြင်ဆင်ရေးသားထားခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဥ်းစားရန် အမျိုးသား လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

**အချိန်၊ ၁၅း၂၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန် သင့်မသင့် အမျိုးသားလွှတ်တော် ရဲ့ သဘောထားရယူပါ့မယ်။

တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်က သဘောတူတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလို သည့်အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၃၁-၈-၂၀၁၁ရက် ဗုဒ္ဓဟူးနေ့ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။ တင်သွင်းထားတဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေး နွေးရန် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၂၆။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အဆိုကို ဆွေးနွေးရန် သင့် /မသင့်။ သဘောတူ /မတူ မေးတဲ့အချိန်မှာ သ ဘောမတူတဲ့ ပုဂ္ဂိုလ်များဟာ သဘောမတူကြောင်းဘဲ ပြောဖို့လိုပါတယ်။ မည်သည့်အတွက်ကြောင့် သဘောမတူသည်ဆိုတာကို အဆိုဆွေးနွေးတဲ့ရက်မှာ ပြည့်ပြည့်စုံစုံဆွေးနွေးဖို့ ဖြစ်ပါ တယ်။ ထိုအဆိုဆွေးနွေးတဲ့အချိန်မှာ အရေအတွက်အားဖြင့် နည်းပါးနေတာ တွေ့ရပါတယ်။ ဒါ့ကြောင့်မို့လို့ အင်တိုက်အားတိုက်နဲ့ မိမိတို့တွေ့ရှိသည့်အချက် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ဆွေးနွေးကြဖို့တိုက်တွန်းလိုပါတယ်။ နောက်ဥပဒေကြမ်းများနဲ့ပတ်သက်လို့ ဆွေးနွေးမယ်ဆိုတဲ့အခါမှာ ဥပဒေကြမ်းမှာပြင်ဆင်ထားတဲ့ ပုဒ်မတွေကိုပဲ ဆွေးနွေးရမှာ

ဖြစ်ပါတယ်။ ပြင်ဆင်တင်ပြခြင်း မရှိတဲ့ ပုဒ်မတွေကို ဆွေးနွေးခွင့် မရှိပါဘူး။ မိမိတို့သီးခြား ပြင်ဆင်ချင်လို့ရှိရင် သီးခြားဥပဒေကြမ်း တင်သွင်းရမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့်အကြောင်းအရာ အကျဉ်းချုပ် တင်ပြထားတဲ့အချက်က လွဲလို့ရှိရင် ကျန်တဲ့အချက်ကို ဆွေးနွေးခွင့် ့မရှိပါဘူး။ ဒါ့ကြောင့် ဆွေးနွေးမယ့်အကြောင်းအရာ အကျဉ်းချုပ်ကိုလည်း သေသေ ချာချာလေး တင်ပြဖို့လိုသလို ပြင်ဆင်တဲ့ဥပဒေကြ မ်းထဲမှာ မပါတဲ့ အပိုဒ်တွေကို မပြောကြားမိအောင် ၊ မဆွေးနွေးမိအောင်နဲ့ သတိမလွ တ်စေဖို့ တိုက်တွန်းပါတယ်။ အဲဒီလိုပါလာလို့ရှိရင် ဥပဒေကြမ်း ကော်မတီက ကန့်ကွက်သွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် စတုတ္ထ နေ့ အစည်းအဝေးရပ်နား ကြောင်း နှင့် ပဉ္စမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်သတ်မှတ်ခြင်း

**အချိန်၊ ၁၅း၂၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအ ဝေး စတုတ္ထ နေ့ ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် သောကြာနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထ နေ့ အစည်းအဝေးကို ၁၅း၂၇ နာရီအချိန်တွင် ရပ်နားပါသည်။]